ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့၊ (14-8-2005) (၄၆၈၇)

ရည်ရွယ်ချက်(၄)ရပ်ဖြင့် သစ်ပင်စိုက်ပွဲတော်များ နှစ်စဉ်ကျင်းပလျက်ရှိ စိုက်ပျိုးခဲ့သည့်အပင်များ ရှင်သန်ကြီးထွားစေရေး ဝိုင်းဝန်းထိန်းသိမ်း

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် သစ်ပင်စိုက်ပွဲတော် ကျင်းပ အပင် ၁၃၀၀၀ ကို တစ်ချိန်တည်းတစ်ပြိုင်တည်း စိုက်ပျိုး

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် မိုးရာသီသစ်ပင်စိုက်ပွဲ အခမ်းအနားကို ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ အထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် မိုးရာသီသစ်ပင်စိုက်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားပြီး အမှတ်တရ သစ်ပင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဦးစောကျော်မင်း၊ ဒုတိယပါမောက္ခချုပ် ဦးသိန်းဝင်း၊ စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တူးမြောင်းများထိန်းသိမ်းမှု ကြည့်ရှုစစ်ဆေး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရန်မှာကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် သစ်တက်ကုန်းရေလှောင်ဆည် ရေပေးဝေ ထိန်းသိမ်းမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

ရန်ကုန် ဩဂုတ် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဩဂုတ် ၇ရက် မွန်းလွဲပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်း စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များ လိုက်ပါလျက် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာအနီးရှိ သစ်တက်ကုန်းရေလှောင်ဆည် တူးမြောင်းတစ်လျှောက် ဆည်ရေပေးမှုနှင့် တူးမြောင်းများ ထိန်းသိမ်းစောင့်ရှောက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သစ်တက်ကုန်းရေလှောင်ဆည်အနီးရှိ စီမံကိန်းရှင်းလင်းဆောင်၌ မန္တလေးတိုင်း ဆည်မြောင်း ဦးစီးဌာနညွှန်ကြားရေးမှူး ဦးအေးသိန်းက စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၄–၈–၂၀၀၅
(တနင်္ဂနွေနေ့)

အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အစိုးရက အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ကို ဖော်ဆောင်ကြိုးပမ်းရင်း အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာပြီး နိုင်ငံတော်အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် အမျိုးသားစီမံကိန်း အဆင့်ဆင့်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ မှန်ကန်သောဦးဆောင်မှုနှင့်အတူ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိနေကြသည်။ ယနေ့ကာလတွင် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးအညွှန်းကိန်းများသည် မျှော်မှန်းထားသည့်အတိုင်း တိုးတက်လျက်ရှိနေပြီဖြစ်သည်။

ယင်းသို့နိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်ခိုင်မာမာတည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးအခြေခံများ ဖြစ်ထွန်းရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေးတို့ကို အလေးထား ဆောင်ရွက်နေခြင်းသည် ဒီမိုကရေစီစနစ်အတွက် အခြေခံအုတ်မြစ်များ တည်ဆောက်နေခြင်းပင်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါမူဝါဒလမ်းစဉ်၏ ပထမအဆင့်တွင် ပါဝင်သည့် အမျိုးသားညီလာခံအောင်မြင်စွာ ကျင်းပရေးလုပ်ငန်းများကို အပိုင်းလိုက် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၇/၂၀၀၅)ကို ဩဂုတ်လ ၉ ရက်နေ့က ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားသည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် **၂၀၀၅ ခုနှစ်မကုန်မီ အမျိုးသားညီလာခံ ပြန်လည်ကျင်းပရေးအတွက်၊ ကြိုတင်ပြင်ဆင်မှုများ ပြီးစီးအောင် ဆောင်ရွက်ရေးအတွက် လိုအပ်သောကိစ္စရပ်များကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီတို့က တင်ပြညှိနှိုင်း ဆွေးနွေးကြရန်ဖြစ်ကြောင်း** ပြောကြားသွားသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် ပြီးခဲ့သည့် အမျိုးသားညီလာခံ၌ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို သဘာပတိအဖွဲ့က စုစည်းကောက်နုတ်၍ လာမည့်အမျိုးသားညီလာခံတွင် တင်ပြသွားမည်ဖြစ်သည်။ ထို့အပြင် ယင်းအပိုင်းများအတွက် အသေးစိတ် အခြေခံရမည့်မူများ အတည်ပြုချမှတ်ခြင်း၊ ကျန်ရှိသည့် အခန်းများအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့အနေဖြင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ပြန်လည်ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို အဘက်ဘက်က ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

❍ **ပါရီမြို့မှ**

မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ပဓာန နာယက ဆရာတော်မဟာကမ္မဋ္ဌာနာစရိယကျွန်းနံ့သာ အရှင်နန္ဒသိရီ (ပြင်သစ်ဆရာတော်)ထံမှ ဇေ့ာပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဂုဏ်ပြုလက်မှတ်ပေးအပ်

ယင်းနောက် သာသနာပြုမြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပန်းဘဲတန်းမြို့နယ် (၂၈)လမ်းနေ ဦးညွှန့်စိန်၊ ဒေါ်ညွှန့်ရီတို့က ဒုတိယအကြိမ် ငွေကျပ် ၁၀သိန်း၊ ရန်ကင်း (၆)ရပ်ကွက် သုခဝတီလမ်းနေ ဒေါ်ခင်ထားလတ်က ငွေကျပ် ၁၀သိန်း၊ ဦးညီပု၊ ဒေါ်တင်တင်ဝင်း၊ သား ဦးမောင်မောင်ကျော် မိသားစုက ငွေကျပ်ကိုးသိန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းနေ ဦးဝင်းနိုင်အေးက ငွေကျပ်ခြောက်သိန်း၊ ကြည့်မြင်တိုင်မြို့နယ် သာစုလမ်းနေ ဦးဝင်းတင်–ဒေါ်ဒေါ်ပုတို့က ငွေကျပ် ငါးသိန်း၊ Shine Hope Co., Ltd. မှ ဒေါက်တာကျန်နှင့် ဒေါက်တာခင်ခင်ရီတို့က ငွေကျပ် ငါးသိန်း၊ ရွှေတိဂုံဘုရား(အနောက်မုခ်) မိုးညှင်းစံကျောင်းမှ ဆရာတော် ဦးဓမ္မသီရိ (နမ္မတူ)က ငွေကျပ် ငါးသိန်း၊ ဗဟန်းမြို့နယ် ရွှေဂုံတိုင် ဒဂုံတာဝါမှ ဒေါ်အေးအေးက ငွေကျပ်ငါးသိန်း၊ အရှင်ရာဇိန္ဒ (ရဝေနွယ်–အင်းမ)ကငွေကျပ်ငါးသိန်း၊ ဘုရင့်နောင်လမ်းမကြီး ရွှေစံပယ်ရိပ်မွန် Ever Green Fine Arts Co., Ltd.မှ ဦးသန်းရွှေ–ဒေါ်တင်တင်အုန်းက ငွေကျပ် ငါးသိန်း၊ ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်းနေ ဦးဇော်မိုးလွင်–ဒေါ်မိုးမိုးခမ်းတို့က ငွေကျပ် ငါးသိန်း၊ ဦးအောင်မြင့်၊ ဒေါ်ခင်စိန်၊ သမီးသူဇာအောင်၊ ဒုတိယ ဗိုလ်မှူးကြီး သိန်းထိုက်၊ ဒေါ်အေးအေးအောင် မိသားစုက ငွေကျပ် ငါးသိန်း၊ ကမာရွတ်အမှတ်(၃)ရပ်ကွက် ဦးလှော်ခြံလမ်းနေ ဒေါက်တာဦးတင်မောင်အေး (OG)ကငွေကျပ်ငါးသိန်း၊ ဗဟန်းမြို့နယ် ဆရာစံလမ်းနေ ဦးကျင်သိန်းက ငွေကျပ်လေးသိန်း၊ ဗိုလ်တထောင်မြို့နယ် (၄၄)လမ်းနေ ဒေါ်ကြင်ရွှေက ငွေကျပ်သုံးသိန်း၊ သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်း သုမင်္ဂလာအိမ်ရာနေ ဦးထွန်းသိန်း–ဒေါ်သိန်းသိန်းမြင့်တို့က ငွေကျပ် သုံးသိန်း၊ ၄ဝါလမ်း ရွှေစံပယ်ရိပ်မွန် တိုက် Aနေ ဒေါ်ကြင်က ငွေကျပ်သုံးသိန်း၊ အင်းစိန် သာယာကုန်းလမ်းနေ ဦးအုန်းသွင်–ဒေါ်ခင်နှင်းလွင်တို့က ငွေကျပ် သုံးသိန်း၊ သုဝဏ္ဏမြို့ ပေါ်ဆန်းမွှေးလမ်း နေအောင်လမ်းသွယ်နေ ဒေါက်တာ ဒေါ်မေသွင် (ကထိက–ငြိမ်း)က ငွေကျပ် သုံးသိန်း၊ ဦးသိန်းမြင့်၊ ဒေါ်ခင်ထွေး မိသားစုက ငွေကျပ်နှစ်သိန်း ငါးသောင်း၊ ရန်ကုန်မြို့ ကုန်သည်လမ်းနေ မရူပါမြင့်အောင်က ငွေကျပ် ၂၇၀၀၀၀၊ တာမွေမြို့နယ် တာမွေကြီး(ခ) ကျိုက္ကဆံအိမ်ရာတိုက် (၆)နေ ဦးသန်းလွင်–မသဥ္ဇာတို့က ငွေကျပ်နှစ်သိန်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၂၉)ရပ်ကွက် အောင်မေတ္တာလမ်းနေ ဒေါ်သန်းရွှေက ငွေကျပ်နှစ်သိန်း၊လှိုင်သာယာမြို့နယ်(၁၉)ရပ်ကွက် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်စိုး ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များက ငွေကျပ်နှစ်သိန်း၊ စမ်းချောင်း ဗားကရာတောရမှ ဒေါ်ပညာဝတီ၊ ဒေါ်ဥတ္တမဥာဏီတို့က ငွေကျပ် နှစ်သိန်း၊ ကြည့်မြင်တိုင် ရတနာပုံလမ်းနေ ဦးကျော်ဟိုး၊ဒေါ်သင်းရီ(မိဘမေတ္တာဆေးဆိုင်) မောင်နှမတစ်စု၊ သားသမီးမြေးတစ်စုတို့က ငွေကျပ် နှစ်သိန်း၊ ဗဟန်း ရွှေတောင်ကြား(၁) ကမ္ဘောဇလမ်းနေ ဦးအုန်းလွင်–ဒေါ်မိမိရီ၊ သားကိုဘုန်းလွင်တို့အားရည်စူး၍ သားသမီးတစ်စုက ငွေကျပ် တစ်သိန်းငါးသောင်း၊ မင်္ဂလာဒုံမှ ဗိုလ်မှူးဝင်းတိုး–ဒေါ်ခင်စန်းလှိုင်တို့ကငွေကျပ်တစ်သိန်းငါးသောင်း၊ ဗိုလ်တထောင် သန်လျက်စွန်းလမ်းနေ ဦးဘရွှေ–ဒေါ်ကြည်ကြည်သန်းတို့က ငွေကျပ်တစ်သိန်းငါးသောင်း၊စမ်းချောင်းမြို့နယ်မင်္ဂလာလမ်းနေဦးစိန်–ဒေါ်ကြင်ငွေ၊ဒေါ်ကွေ့ရိန်တို့ကငွေကျပ် ၁၂၁၀၀၀၊ ၁၁၈ လမ်း သမားအိုဆေးတိုက်မှ ဒေါ်ကျင်သိန်း က ငွေကျပ် ၁၂၀၀၀၀၊ ရွှေပေါက်ကံမြို့သစ် မြဝတီမင်းကြီးလမ်းနေ ဒေါ်စိန်ဘွားက ငွေကျပ် ၁၁၀၀၀၀၊ သင်္ဃန်းကျွန်း (ဃ)ရပ်ကွက် လုပ်သားလမ်းခြံအမှတ်(၂)နေ ဒေါ်သက်သက်ဝါကငွေကျပ်၁၀၀၈၁၀၊ မြန်မာ့ဂုဏ်ရောင် အနောက်လမ်းနေ ဦးချစ်အေးမိသားစုက အမေရိကန်ဒေါ်လာ ၂၀၀၊မိခင်ကြီး ဒေါ်ကျင်လှ၏အသက်(၇၀)ပြည့်မွေးနေ့အဖြစ် စတုတ္ထအကြိမ် အမေရိကန်ဒေါ်လာ၁၀၀၊လသာမြို့နယ်၂၂လမ်းနေ ဦးသိန်းအောင်၊ ဒေါ်သန်းမေဝင်းနှင့် မောင်သန်းသူဟန် မိသားစုက ငွေကျပ် နှစ်သိန်း၊ တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက် ၁၁လမ်းနေ ဒေါ်အေးအားအမှူးထား၍ သမီး မသိန်းသိန်းငွေက ငွေကျပ် ၁၂၀၀၀၀အပါအဝင် အလှူရှင် အသီးသီးက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် တာဝန်ရှိသူများက အသီးသီး လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယနေ့လှူဒါန်းပွဲ အခမ်းအနားတွင် ကျောင်းတော်ကြီး ဖြစ်မြောက်ရေး၊ အတွက် အလှူရှင်အသီးသီး၏ လှူဒါန်းမှုမှာ ငွေ၂၅၇၁၆၂၅၈၃ကျပ်၊ အက်ဖ်အီးစီ ၃၁၁၃ နှင့် အမေရိကန်ဒေါ်လာ ၁၇၉၀၆ တို့ဖြစ်ကြောင်းသိရသည်။

ရုပ်သိမ်း

ထို့နောက် ပြင်သစ်နိုင်ငံ ပါရီမြို့ မြန်မာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ပဓာန နာယကဆရာတော်ထံမှ ဇေ့ာပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆက်သွယ်လှူဒါန်း

အဆိုပါ ပြင်သစ်နိုင်ငံ ပါရီမြို့ မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် အလှူရှင်များက အလှူငွေများ လှူဒါန်းလိုပါက မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးချုပ် အမှတ်(၄၉/၅၁)၊ ဗဟန်းလမ်းမကြီး (ဗဟန်း–၃လမ်း မှတ်တိုင်အနီး) ဗဟန်းမြို့နယ် ဖုန်း–၀၉–၉၀–၄၂၃၄၃ နှင့် ဒေါ်အောင်ကြည် ဒုတိယ ညွှန်ကြားရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန သာသနာရေးဝန်ကြီးဌာန ဖုန်း–၆၆၅၃၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း နည်းပညာပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MCPA)က ကြီးမှူး၍ နည်းပညာပြိုင်ပွဲများကို ဩဂုတ် ၂၁ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Application Development, Programming Logic, Wed Application Development , Web Design အမျိုးအစားပြိုင်ပွဲများဟူ၍ ခွဲခြားသတ်မှတ်ပြုလုပ်မည်ဖြစ်သည်။ ပြိုင်ပွဲအမျိုးအစားတစ်မျိုးစီအတွက် ပြိုင်ပွဲဝင်နှစ်ဦးစီ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပထမဆု ကျပ်နှစ်သိန်း၊ ဒုတိယဆု ကျပ်တစ်သိန်း၊ တတိယဆု ကျပ်ခုနစ်သောင်းငါးထောင် ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲများကို အသက်၊ ပညာအရည်အချင်းကန့်သတ်ချက်မရှိ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဩဂုတ် ၁၉ ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း အဆောင်(၄)၊ အခန်း(၄) MICT Park ဖုန်း–၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

အာဟာရတိုက်ကျွေး

ကျောင်းကျန်းမာရေးရက်သတ္တပတ် လှုပ်ရှားမှုအကြိုအဖြစ် ဩဂုတ် ၈ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမက(၁)မှ ကျောင်းသူကျောင်းသားများအား စံပြဖဆပလရပ်ကွက် တိုက်အမှတ်(၆၀)၊ အခန်း(၁၉)မှ ဦးရဲမြင့်–ဒေါ်မြမြတို့က သမီး မဝင်းလဲ့ဖြိုး၏ မွေးနေ့အလှူအဖြစ် အာဟာရတိုက်ကျွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးလှိုင်နှင့် ဆရာမများ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၃၂)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်နေ ဒေါ်ခင်ရွှေမိသားစုက ငွေကျပ် ၁၂၀၀၀၀ ကို အထွေထွေအတွင်းရေးမှူး ဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆေးတက္ကသိုလ်(၂)အာစရိယပူဇော်မည်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၂)တွင် ၁၉၇၀၊ ၁၉၇၁၊ ၁၉၇၃ ခုနှစ်များ၌ ပထမနှစ်(ဆေး)၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေများကိုဒေါက်တာဉာဏ်ထွန်းဖုန်း–၀၉–၅၀၀၂၀၉၆၊ဒေါက်တာခင်သန်းအေး ဖုန်း–၀၁–၂၂၁၂၅၂၊ ဒေါက်တာကြည်ကြည်အေး ဖုန်း–၀၁–၇၁၀၀၂၃၊ ဒေါက်တာခင်မောင်လှိုင်ဖုန်း–၀၁–၅၀၀၇၉၇၊ဒေါက်တာယုယုဖုန်း–၀၉–၅၁၂၆၅၃၂၊ဒေါက်တာအောင်ဝင်းမောင် ဖုန်း–၀၉–၅၀၀၅၃၃၇၊ ဒေါက်တာဝေမြင့် ဖုန်း–၀၉–၅၀၁၁၂၉၅၊ ဒေါက်တာမိမိထွန်း ဖုန်း–၀၉–၅၀၀၀၇၉၄နှင့် ဒေါက်တာ သန်းသန်းဦး ဖုန်း–၀၉–၅၁၂၅၄၄၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဝန်ကြီး ဦးအောင်သောင်း ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် ထူးချွန် ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုများချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၃

၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ပြည်နယ်နှင့်တိုင်းများအတွင်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမဆောင်၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ ဂုဏ်ပြုဆုများချီးမြှင့်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီး ဦးအောင်သောင်းက ပညာရည်မြင့်မားတိုးတက်ရေးကိစ္စများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် ပြည်နယ်နှင့်တိုင်းများအတွင်းရှိ သူငယ်တန်းတွင် တစ်ကျောင်းလုံး၌ ပထမရရှိကြသော ကျောင်းသား သုံးဦးနှင့် ကျောင်းသူ ခုနစ်ဦးတို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စက်မှုညွှန်ကြားရေးဦးစီးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိုက်ထွန်း၊ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော ဦးတင်လှိုင်နှင့် ဦးကျော်မြင့်တို့က ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် သူငယ်တန်းတွင် တစ်ကျောင်းလုံး၌ ပထမရရှိကြသော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦး၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်တို့က ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းနှင့် စတုတ္ထတန်းတို့တွင် တစ်ကျောင်းလုံး၌ ပထမရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆုပေးအပ်

ဆက်လက်၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအယ်လ်ဇော်ရှိန်းနှင့် အကြံပေးပုဂ္ဂိုလ် ဦးတက်ထွန်းတို့က ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် စတုတ္ထတန်းတွင် တစ်ကျောင်းလုံး၌ ပထမရရှိသူ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဝန်ကြီး ဦးအောင်သောင်းက ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူး ခြောက်ဘာသာဖြင့် ထူးချွန်စွာ အောင်မြင်ကြသော မောင်ထက်ဖြိုးအောင်၊ မအေးမြဆွေ၊ မမြတ်သီရိဝင်း၊ မယမင်းထူး၊ မောင်ရဲမင်းသူတို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးသည် ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးငါးဘာသာဖြင့် ထူးချွန်စွာ အောင်မြင်ကြသော မနှင်းဝင်းနိုင်၊ မမြမြစိုး၊မခင်စန္ဒာပြည့်၊ မသိသိစိန်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် စက်မှုညွှန်ကြားရေးဦးစီးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိုက်ထွန်းက ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူး လေးဘာသာဖြင့် ထူးချွန်စွာ အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူ ကိုးဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ အကြံပေးပုဂ္ဂိုလ် ဦးတင်လှိုင်က သုံးဘာသာဂုဏ်ထူးရှင် ၂၃ ဦးတို့အားလည်းကောင်း၊ အကြံပေးပုဂ္ဂိုလ် ဦးကျော်မြင့်က နှစ်ဘာသာ ဂုဏ်ထူးရှင် ၃၂ဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများက တစ်ဘာသာ ဂုဏ်ထူးရှင် ၆၅ ဦးတို့အား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အကြံပေးပုဂ္ဂိုလ်တို့က ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ်တွင် ပဉ္စမတန်းမှ နဝမတန်းထိ အတန်းလိုက် ပထမရရှိ အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူ ၁၀၄ ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်အဆင့် ပြိုင်ပွဲဆုရ ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ အကြံပေးပုဂ္ဂိုလ် ဦးတက်ထွန်းက နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ (လူသစ်တန်း) အထူးဆုရ စက်မှုညွှန်ကြားရေးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဦးစိုးရင်မောင်အားလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ (ဒုတိယဆု)ရ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ လက်ထောက်မန်နေဂျာ ဒေါ်လှသိန်းအားလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သချ်ာဂုဏ်ထူးတန်းတွင် ပထမဆုရရှိသော မလှထက်ထက်ခိုင် အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ခြောက်ဘာသာဂုဏ်ထူးရှင်များကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ထက်ဖြိုးအောင်က ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးခြောက်ဘာသာဖြင့် ထူးချွန်စွာ အောင်မြင်သူ မမြတ်သီရိဝင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (စက်မှု-၁)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ICRC မှ ဌာနေကိုယ်စားလှယ် Mr. Patrick Vial ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံစဉ်။ (ပြည်ထဲရေး)

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ICRC နှင့် UNHCR ဌာနေကိုယ်စားလှယ်များ တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၃

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ ဌာနေကိုယ်စားလှယ် Mr. Patrick Vial နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ဌာနေကိုယ်စားလှယ် Mr. Jean-Francois Durieux တို့သည် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ စက်မှု(၁) လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ တစ်ဦးချင်းသီးခြားစီ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်း၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာနမှူး ရဲမှူးကြီးစစ်အေးနှင့် ရုံးအဖွဲ့မှူး ဦးကျော်စန်းတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဦးမောင်အေးအား ရည်စူး၍ အမှတ် (၅၂)၊ ကြာပဒုမ္မာလမ်း၊(၃/ခ)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်နေ ဇနီး ဒေါ်တင်လှ မိသားစုက ဗဟန်းမြို့နယ် ဓီဝိတဒါန သံဃာ့ဆေးရုံကြီးအတွက် ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးတင်လှထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဩဂုတ် ၁၄

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ရန် သဘောတူပြီးဖြစ်သော မစ္စတာယောက်ဖရွန်ဆွာ ဒူရီယိုသည် ဩဂုတ် ၁၂ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်၍ ၎င်း၏ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ ဌာနေကိုယ်စားလှယ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ တက်ရောက်သည်။ (သတင်းစဉ်)

ပညာရေးရုပ်မြင်သံကြားနှင့် အသံလွှင့်သင်ခန်းစာများ စာမူရေးသားပြုစုနည်းလုပ်ငန်း ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ပညာရေးရုပ်မြင်သံကြားနှင့် အသံလွှင့်သင်ခန်းစာများ စာမူ ရေးသားပြုစုနည်း လုပ်ငန်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ အဆိုပါဦးစီးဌာန မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ပညာရေးရုပ်မြင်သံကြားနှင့် အသံလွှင့်သင်ခန်းစာများ စာမူရေးသားပြုစုနည်း လုပ်ငန်းဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက လူတိုင်းအကျုံးဝင် ပညာရေး (Inclusive Education) နှင့်စပ်လျဉ်း၍ ပညာရေးရုပ်မြင်သံကြားနှင့် အသံလွှင့်သင်ခန်းစာများ စာမူရေးသားပြုစုရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လက်တွေ့ရေးသား

အဆိုပါ လုပ်ငန်းဆွေးနွေးပွဲသို့ အခြေခံပညာဦးစီးဌာနများမှ ပုဂ္ဂိုလ်များနှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမ ၄၅ ဦးတို့ တက်ရောက်ကြပြီး ဆွေးနွေးပွဲတွင် လုပ်ငန်းဆွေးနွေးပွဲ စပျိုးခြင်းနှင့် ရလဒ်မျှော်မှန်းချက်၊ သင်ယူမှုရည်ရွယ်ချက်ချမှတ်ခြင်းနှင့် လက်တွေ့ရေးဆွဲခြင်း၊ စာမူရေးသားနည်း၊ ဗွီစီဒီနှင့် အသံလွှင့်သင်ခန်းစာများ လက်တွေ့ရေးသားနည်း၊ တင်ပြမှုပုံစံအမျိုးမျိုး၊ ဗီဒီယိုရိုက်ကူးတည်းဖြတ်မှုအခြေခံ၊ အသံလွှင့်စာမူရေးသား ထုတ်လွှင့်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ ဗွီစီဒီနှင့် အသံလွှင့်စာမူများ လက်တွေ့ရေးသားခြင်းတို့ကို ယနေ့မှ ဩဂုတ် ၁၄ရက်အထိ ပညာရှင်များက ဆွေးနွေးကြမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ

အမေရိကန်တွင် တပ်ဖွဲ့ဝင်သစ်စုဆောင်းရေး အခက်အခဲရှိနေ

သန္ဓေတပ်ဖွဲ့၊ အမျိုးသားအစောင့်တပ်ဖွဲ့နှင့် အရန်တပ်ဖွဲ့များ လူသစ်ရရန် မဆောင်ရွက်နိုင်

အစားထိုးလောင်စာသစ် တစ်မျိုးဖြစ်သော ဒီဇယ်ဆီနှင့်အုန်းသီးမှ ထုတ်ယူ ထားသော မီသိုင်းအက်စတာဆီကို ဖိလစ်ပိုင်နိုင်ငံ မနီလာဈေးကွက်တွင် စတင်ကြေညာ ရောင်းချနေသည်ကို ဩဂုတ် ၁၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဝါရှင်တန် ဩဂုတ် ၁၂

အီရတ်စစ်ပွဲ ဖြစ်ပွားနေသည့်အတွက် တပ်ဖွဲ့ဝင်အသစ်များ ထပ်မံလိုအပ်နေချိန်တွင် ကန်တပ်ဖွဲ့ စုဆောင်းရေး လုပ်ငန်းသည် တပ်ဖွဲ့ဝင်စုဆောင်းရေး ရည်မှန်းချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိဘဲဖြစ်နေကြောင်း စစ်ဘက်အသိုင်းအဝိုင်းမှလာသော သတင်းများကဆိုသည်။

အမေရိကန်သန္ဓေတပ်ဖွဲ့၊ အမျိုးသား အစောင့်တပ်ဖွဲ့နှင့် အရန်တပ်ဖွဲ့ စုဆောင်းရေးလုပ်ငန်း သုံးခုစလုံးမှာပင် တပ်ဖွဲ့ဝင်သစ်များ ရရှိရေးကိစ္စမှာ အခက်အခဲရှိနေကြောင်း သိရသည်။ စစ်ညောင်းနေသော အီရတ်စစ်ပွဲကာလ တွင် အမေရိကန်တပ်ဖွဲ့များအတွက် ဆန္ဒအလျောက် ဝင်လာသော တပ်ဖွဲ့ ဝင်သစ်များ ရရှိရန်ကိစ္စမှာ ကန်တို့ အတွက် အစမ်းသပ်ခံနေရသော အခြေ အနေတစ်ရပ်ပင်ဖြစ်သည်။ ၂၀၀၅ ဘဏ္ဍာရေးနှစ်မှာ စက်တင်ဘာ ၃၀ ရက် တွင်ကုန်ဆုံးမည် ဖြစ်သော်လည်း တပ်ဖွဲ့ဝင်သစ်ဦးရေမှာ မပြည့်မီနိုင်ဘဲ ရှိကြောင်း သတင်းများက ဖော်ပြသည်။

လျော့နည်း

ယခုနှစ်တွင် အမေရိကန်တပ်ဖွဲ့သည် တပ်ဖွဲ့ဝင်သစ် ၈၀၀၀၀ စုဆောင်းရန် ရည်မှန်းထားသော်လည်း ဇူလိုင်လကုန် သည့်အချိန်အထိ စုဆောင်းရရှိသော ဦးရေမှာ သတ်မှတ်ချက်ထက် ၁၁ ရာခိုင်နှုန်း လျော့နည်းလျက်ရှိသည်။ ဘဏ္ဍာရေးနှစ်ကုန်ဆုံးရန် နှစ်လပင်မလို တော့သောအချိန်တွင် တပ်ဖွဲ့ဝင်လူသစ် ၇၀၀၀ ကျော်ကို စုဆောင်းပေးရမည် ဖြစ်သည်။ ကန်တပ်ဖွဲ့ဝင်သစ် စုဆောင်း ရေးလုပ်ငန်းမှာ ၁၉၉၉ ခုနှစ်မှစ၍ တစ်ကြိမ်တစ်ခါမျှ ရည်မှန်းချက်အတိုင်း မစုဆောင်းနိုင်ဟူသော အခြေအနေမျိုး ကို ကြုံတွေ့ခဲ့ရခြင်းမရှိခဲ့ဟု ဆိုသည်။

အီရတ်တွင် ရောက်ရှိနေသော ကန် တပ်ဖွဲ့များအနက် ယခုအခါ သေဆုံး ရသူ ကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၈၄၀ ကျော်ရှိပြီး ဒဏ်ရာရသူမှာ ၁၄၀၀၀မျှ ရှိသည်။ အီရတ်တွင် လိုအပ်လျက် ရှိသော တပ်ဖွဲ့ဝင်အရေအတွက် အပြည့် အဝချထားနိုင်ရေးအတွက် အမျိုးသား အစောင့်တပ်ဖွဲ့ဝင်များနှင့် အရန်တပ်ဖွဲ့ ဝင်များကို အများအပြားကို အီရတ်သို့ အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်က စေလွှတ်နေရသည်။

သိရှိထား

တပ်ဖွဲ့ဝင်သစ် စုဆောင်းရေးလုပ်ငန်း မှာ လိုအပ်ချက်များရှိနေသည်ကို သိရှိ ထားကြောင်း၊ ယခုကိစ္စတွင် သန္ဓေ တပ်ဖွဲ့၊ အရန်တပ်ဖွဲ့နှင့် အမျိုးသား အစောင့်တပ်ဖွဲ့ သုံးဖွဲ့စလုံး လူသစ် စုဆောင်းရေးရည်မှန်းချက် မပြည့်မီဘဲ ရှိနေကြောင်း ကန်တပ်ဖွဲ့ဝင်သစ် စုဆောင်းရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဒေါ်ဂလပ်စမစ်က ပြောကြားသည်။

ဖြည့်ဆည်း

ယခုနှစ်အတွက် အရန်တပ်ဖွဲ့ဝင်သစ် စုဆောင်းရေးမှာ လူသစ် ၂၈၄၈၅ ဦး ရရှိရန် ရည်မှန်းထားသော်လည်း ရရှိ သောလူသစ်ဦးရေသည် ၂၀ ရာခိုင်နှုန်း အထိ လိုအပ်လျက်ရှိသည်။ နှစ်ကုန် အထိ ဖြည့်ဆည်းရန် လိုအပ်သော ဦးရေသည် ၄၇၀၀ ဦးခန့်ရှိသည်။ အမျိုးသား အစောင့်တပ်ဖွဲ့ဝင်သစ် စုဆောင်းရေးတွင်လည်း ယခုနှစ် အတွက် လူသစ်စုဆောင်းရန် သတ်မှတ် ချက်မှာ ၆၃၀၀၂ ဦးဖြစ်သော်လည်း လူသစ် ၁၁၆၀၀ ဦးထပ်မံဖြည့်ဆည်းရန် လိုအပ်နေဆဲဖြစ်ကြောင်း ပင်တဂွန်မှ လာသော သတင်းများကဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

လိုက်ဘေးရီးယားနိုင်ငံတွင် ဝမ်းရောဂါဖြစ်ပွား အနည်းဆုံး လူ ၁၀၀ အသက်ဆုံးရှုံး

လေဂို့စ် ဩဂုတ် ၁၂

လိုက်ဘေးရီးယားနိုင်ငံ၏ စိန်နှင့်ရွှေ တူးဖော်ရာ မိုင်းတွင်းများရှိသောဒေသ၌ ကာလဝမ်းရောဂါ ကူးစက်မှု ထပ်မံပေါ်ပေါက်သည့်အတွက် အနည်းဆုံးလူ ၁၀၀ အသက် ဆုံးရှုံးရကြောင်း ဩဂုတ် ၁၁ ရက်က ထွက်ပေါ်လာသော သတင်းများအရ သိရသည်။

စတင်ဖြစ်ပွား

ဆီနိုအီခရိုင် ဘူတောမြို့တွင် ယခုလစောစောပိုင်းက ရောဂါစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပတ်ဝန်းကျင်သန့်ရှင်း မှု နည်းပါးသည့်အတွက် ရောဂါဖြစ်ပွားရခြင်း ဖြစ်သည်ဟု ဆိုသည်။

သို့ရာတွင် သေဆုံးကြရသူများမှာ ရေကြောင့် အဆိပ် အတောက်ဖြစ်ပြီး သေဆုံးကြရခြင်းဖြစ်သည်ဟု လိုက်ဘေး ရီးယားနိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီး ဗမ်ဘာကေနီကို ကိုးကား၍ ဒေသခံပုဂ္ဂလိကရေဒီယိုက သတင်းထုတ်ပြန် သည်။

မကျေနပ်

ဘူတောဒေသအတွင်း အခြားတစ်ပါးသောအရပ်များ မှ တရားမဝင်လာရောက်၍ ရွှေနှင့်စိန်တူးဖော်နေကြသူများကို ဒေသခံများက မကျေနပ်ကြဟုဆိုသည်။ ထိုအခြေအနေ ကြောင့် ဒေသခံအချို့က သောက်သုံးရေ ရယူနေသော ချောင်းအတွင်း အဆိပ်ခတ်ခဲ့သည့်အတွက် ယခုကိစ္စမျိုး ပေါ်ပေါက်ရခြင်း ဖြစ်သည်ကို ခိုင်လုံသော သတင်းများ ရရှိခဲ့သည်ဟု ဝန်ကြီး ဗမ်ဘာကေနီက ပြောကြားကြောင်း သတင်းကဖော်ပြသည်။

ထိန်းသိမ်း

ကုလသမဂ္ဂကယ်ဆယ်ရေး အေဂျင်စီသည် အဆိုပါ နေရာသို့ ရောက်ရှိနေပြီး အခြေအနေကို ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ထို့အပြင် ဘူတောသို့ တရားမဝင် လာရောက်နေထိုင်သူများကိုလည်း နေရာ ရွှေ့ပြောင်းပေးရန် စီစဉ်နေကြောင်း သိရှိရသည်။

စိုးရိမ်နေ

အဆိုပါ ဒေသတွင် ဝမ်းရောဂါ ဖြစ်ပွားနေသည်ကို လိုက်ဘေးရီးယား အာဏာပိုင်များက စိုးရိမ်နေကြကြောင်း၊ ထိုအရပ်တွင် တရားမဝင် စိန်တူးဖော်ရေးနှင့် ရွှေရှာဖွေရေး လုပ်ငန်း လုပ်ကိုင်နေသူ ထောင်နှင့်ချီ၍ ရှိနေကြောင်း၊ အချို့လူများမှာ အာဖရိကအနောက်မြောက်ပိုင်း မော်ရီတေး နီးယားနိုင်ငံမှာပင် လာရောက်လုပ်ကိုင်သူများရှိကြောင်းကို လိုက်ဘေးရီးယား ပြန်ကြားရေးဝန်ကြီး ဝီလီယမ်အယ်လင် က အတည်ပြုပြောကြားသည်။

ယခုအခါ ရောဂါဖြစ်ပွားရာအရပ်ဒေသသို့ ဆေးဘက် ဆိုင်ရာအဖွဲ့တစ်ဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာနက စေလွှတ် ထားပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အစားထိုးလောင်စာသစ်တစ်မျိုး ထုတ်လုပ် ဒီဇယ်ဆီနှင့် အုန်းသီးမှ ထုတ်ယူရရှိ

ပေကျင်း ဩဂုတ် ၁၂

ကိုကိုး ဇီဝဒီဇယ်ဆီသည် ဒီဇယ်ဆီနှင့်အုန်းသီးမှချက်ယူရရှိသော ဓာတုဗေဒ ပစ္စည်းတို့ကို ရောနှောထားသော လောင်စာဆီအသစ်တစ်မျိုးဖြစ်သည်။ ထိုလောင်စာသည် ဈေးနှုန်းသက်သာပြီး သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို သက်သာစေသည်ဟုဆိုသည်။ စွမ်းအင်ပြဿနာကြောင့် နောင်အခါ ဖြစ်ပေါ် လာမည့် ဆိုးကျိုးများကို ကာကွယ်ရန် ယခုကတည်းက ကျွန်ုပ်တို့အနေဖြင့် စည်းစည်းလုံးလုံးဖြင့် ရင်ဆိုင်ကြရန် လိုအပ်ကြောင်း၊ ယခုစိန်ခေါ်မှုသည် နိုင်ငံ၏ စီးပွားရေးရပ်တည်မှုအတွက် စိန်ခေါ်မှုပင်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ အာရိုယိုက ပြောကြားခဲ့သည်။

နိုင်ငံ၏စီးပွားရေးကဏ္ဍအားလုံး၊ တစ်နိုင်ငံလုံးနှင့် ဆက်သွယ်သွားလာ ရေး လုပ်ငန်းအားလုံးတို့သည် လောင်စာဆီ ချွေတာကြရန်နှင့် အစားထိုး လောင်စာမျိုးစုံသုံးစွဲနိုင်ရေးကို ကြိုးပမ်းကြရန် ဖိလစ်ပိုင်သမ္မတက တောင်းဆို ခဲ့သည်။ အမေရိကန်နိုင်ငံ၏ ရေနံဓာတ်ဆီသိုလှောင်မှုပမာဏတွင် ဓာတ်ဆီ လက်ကျန်နည်းပါးလာပြီဆိုသော သတင်းများ ထွက်ပေါ်လာပြီးနောက် အာရှဈေးကွက်တွင် ရေနံစိမ်းဈေးနှုန်းသည် တစ်စည် လျှင် အမေရိကန်ဒေါ်လာ ၆၅ ဒသမ၁၉နှုန်းအထိဈေးတက်သွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းများမြင့်တက် လောင်စာပြဿနာကို ပူးပေါင်းရင်ဆိုင်ရန် ဖိလစ်ပိုင်သမ္မတတိုက်တွန်း

ပေကျင်း ဩဂုတ် ၁၂

ဖိလစ်ပိုင်အစိုးရက လုပ်ဆောင်နေသော စွမ်းအင်ချွေတာရေးအစီအစဉ်နှင့် အစားထိုးလောင်စာရှာဖွေ ဖော်ထုတ်ရေး အစီအစဉ်များကို ပြည်သူများက ထောက်ခံအားပေးကြရန် ဖိလစ်ပိုင်အာဏာပိုင်များက ကြေညာချက် ထုတ်ပြန်၍ နှိုးဆော်လိုက်သည်။ ရေနံဈေးနှုန်းများမနားတမ်းတက်နေသည့်အတွက် ဖြစ်ပေါ် လာလတ္တံ့သော စွမ်းအင်ပြဿနာကို ပြည်သူများအနေဖြင့် သဘောပေါက် ကြပြီး အစိုးရ၏စွမ်းအင်ဆိုင်ရာ ကြိုးပမ်းမှုများကို နားလည်သဘောပေါက်ကြ ရန်အတွက် ဖိလစ်ပိုင်သမ္မတအာရိုယိုက ပြည်သူများကို တောင်းဆိုခဲ့သည်။ အထက်ပါစကားများကို ဖိလစ်ပိုင်သမ္မတက အစားထိုးလောင်စာသစ်တစ်မျိုး ဈေးကွက်တင်ရောင်းချပွဲတွင် ပြောကြားခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တူးမြောင်းအတွင်း လယ်ထွန်စက်ကျ၊ လူ ၃၀ သေဆုံးဖွယ်ရှိ

ဟိုက်ဒရာဘတ်(အိန္ဒိယ) ဩဂုတ် ၁၂

လူ ၃၄ ဦးသည်ကျေးရွာမင်္ဂလာဆောင်ညစာစားပွဲမှ ပြန်အလာ ၎င်းတို့ စီးနင်းလာသည့် လယ်ထွန်စက်မှာ ရေပြည့်လျှံနေသော အိန္ဒိယနိုင်ငံ တောင်ပိုင်းရှိ တူးမြောင်းအတွင်းကျသွားပြီးနောက် သေဆုံးကုန်ဖွယ် ရှိသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ကယ်တင်သူများက ထွန်စက်နောက်တွဲတွင်ပိတ်မိ နေသည့် အလောင်း ၁၅လောင်း ရှာဖွေတွေ့ရှိပြီး အခြား ၁၅ဦးမှာ ပျောက်ဆုံး နေလျက်ရှိပြီး ၎င်းတို့မှာ အင်ဒရာပရာဒေ့ရှ်ပြည်နယ် မီဒူပါဒူကျေးရွာ အနီးတွင် ရေဖြင့်မျောပါသွားဖွယ်ရှိသည်ဟု ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

မိမိတို့က အလောင်းများပင်လယ်ထဲ မျောမသွားစေရန်အတွက် တူးမြောင်း တံခါးကို ပိတ်ထားသည်ဟု ရဲစုံစမ်းရေးမှူး ဆရီနီဗတ်စ်က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အာဖဂန်တွင် ပေါက်ကွဲမှုဖြစ်ပွား ကန်တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ကဘူး ဩဂုတ် ၁၂

အာဖဂန်နစ္စတန်နိုင်ငံ အလယ်ပိုင်း တွင်လေ့ကျင့်ရေးလုပ်ငန်းများဆောင်ရွက် နေစဉ် ဩဂုတ် ၁၀ ရက်က ပေါက်ကွဲမှု တစ်ခုဖြစ်ပွားခဲ့သည့်အတွက် အမေ ရိကန်တပ်ဖွဲ့တစ်ဦး သေဆုံးသွားပြီး အခြားနှစ်ဦးဒဏ်ရာရရှိသွားကြကြောင်း စစ်ဘက်သတင်းများက ဖော်ပြသည်။

မတော်တဆမှု ဖြစ်ပွားရာနေရာမှာ ဥရုဇ်ဂန်ပြည်နယ် တာရင်ကွတ်အနီး တွင် ဖြစ်သည်။ ဒဏ်ရာရရှိသူများကို ဆေးဝါးကုသပေးရန် အမေရိကန်၏ အာဖဂန်ရှိ အကြီးဆုံးစစ်စခန်းရှိရာ ဘာဂရမ်လေဆိပ်သို့ ခေါ်ဆောင်သွား ကြောင်းစစ်ဘက်သတင်းတွင်ရေးသား ထားသည်။ အခြေအနေအသေးစိတ်ကို ထုတ်ပြန်ခြင့်မရှိပေ။***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံရာမာဒီမြို့ရှိအဆောက် အအုံတစ်ခုအတွင်း ကန်တပ်ဖွဲ့က ပစ်ခတ်သော အမြောက် ကျည် ကျရောက် ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သူကလေးငယ်တစ်ဦး ကို ဩဂုတ် ၁၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အင်ဒိုနီးရှားနိုင်ငံ၏ ရေနံထုတ်လုပ်မှု ပြည်တွင်းဝယ်လိုအားကို မဖြည့်ဆည်းနိုင်

ဂျကာတာ ဩဂုတ် ၁၂

အင်ဒိုနီးရှားနိုင်ငံ၏ ရေနံထုတ်လုပ်မှုသည် ပြည်တွင်းဝယ်လိုအားကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ခြင်းမရှိသဖြင့် ယင်းနိုင်ငံသည် ရေနံတင်ပို့သောနိုင်ငံအဖြစ်မှ အသားတင် ရေနံစိမ်းတင်သွင်းသောနိုင်ငံအဖြစ် ရောက်ရှိလာကြောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး အာဘူရီဇလ်ဘက်ခ်ရီက အင်္ဂါနေ့တွင် ပြောကြားသည်။

လွန်ခဲ့သောနှစ်များက အင်ဒိုနီးရှားနိုင်ငံသည် အသားတင် ရေနံစိမ်းတင်ပို့သော နိုင်ငံဖြစ်ခဲ့သော်လည်း ယခုအခါ အသားတင် ရေနံတင်သွင်းသောနိုင်ငံ ဖြစ်လာရကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ရေနံတင်သွင်းမှုထက် တင်ပို့မှုက လစဉ်များပြားခဲ့သည့်အတွက် အဆိုပါ အသားတင် ရေနံတင်သွင်းသောနိုင်ငံ ဖြစ်လာရခြင်းကို အငြင်းပွားလျက်ရှိကြောင်း ဘက်ခ်ရီက ပြောကြားသည်။

တိုးမြင့်လာ

ယင်းနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့တင်ပို့မှုလုပ်ငန်းသည် ယမန်နှစ် အလားတူကာလကနှင့် နှိုင်းယှဉ်လျှင် ယခုနှစ် ပထမခြောက်လပတ်အတွင်း၌ ၁၈ ဒသမ ၇၁ ရာခိုင်နှုန်း တိုးမြင့်လာပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၂ ဘီလီယံ တိုးတက်ရရှိခဲ့ကြောင်း နိုင်ငံတော် ဗဟိုစာရင်းအဖွဲ့၏ စာရင်းများက ဖော်ပြထားသည်။

ဖော်ပြခဲ့သော အချိန်ကာလအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ တင်သွင်းမှုသည် ၅၆ ဒသမ ၆၃ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၉ ဘီလီယံ ရှိလာသည်။ အိုပက်အဖွဲ့ဝင်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၏ ရေနံထုတ်လုပ်မှုသည် တစ်နေ့လျှင် ရေနံစည်ပေါင်း ၁ဒသမ၀၆ သန်းရှိပြီး ပြည်တွင်းဝယ်လိုအားသည် တစ်နေ့လျှင် ရေနံစည်ပေါင်း ၁ဒသမ၁သန်းထိ ဖြစ်လာသည်။

အမ်အင်အေ၊ဆင်ဟွာ။



မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် မီးခိုးများအုံ့ဆိုင်းနေ၍ အကာအကွယ်ယူကာ သွားလာနေရသူ နှစ်ဦးကို ဩဂုတ် ၁၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂျာမနီတောင်ပိုင်း ဗုံးပေါက်ကွဲ တစ်ဦး သေဆုံးကြောင်း ရဲက ပြောကြား

မြူးနစ် ဩဂုတ် ၁၃

ဂျာမနီနိုင်ငံတောင်ပိုင်း ဘာဘင်မြို့တွင် ဩဂုတ် ၁၁ရက် ပိုက်ဗုံးဟု ယူဆရသော ဗုံးတစ်လုံးပေါက်ကွဲ ခဲ့ရာ လူတစ်ဦးသေဆုံးခဲ့ကြောင်း မြူးနစ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုအဖြစ်အပျက်ကြောင့် ရဲတပ်ဖွဲ့သည် မပေါက်ကွဲသေးသော ဗုံးများ ကျန်ရှိနေခြင်း ရှိ၊မရှိသိရှိရန် အပြင်းအထန်ရှာဖွေခဲ့ကြသည်။ ရဲတပ်ဖွဲ့သည် မြူးနစ်မြို့ပြင် မိုင်ရှာဘင်အရပ်ရှိ မသက်ာဖွယ်ရာ အဆောက်အအုံတစ်ခုကို ရှာဖွေခဲ့ကြသည်။ ထိုသို့ ရှာဖွေရာ၌ အနီးရှိ အခြားအဆောက်အအုံ ခြောက်ခုမှ လူများကို ကြိုတင်ကာကွယ်သည့် အနေဖြင့် ယာယီနေရာ ရွှေ့ပြောင်းစေခဲ့ကြောင်းသိရသည်။

အမ်အင်အေ၊ရိုက်တာ။

ကန်အရှေ့ဘက်ကမ်းခြေ အီရီနီမုန်တိုင်းတိုက်နိုင်

မီယာမီ ဩဂုတ် ၁၃

အတ္တလန္တိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်နေသော မုန်တိုင်း အီရီနီသည် ဩဂုတ် ၁၂ရက်တွင် အင်အားပိုမို ကောင်းကာ ဆက်လက် ရွေ့လျားမည်ဖြစ်ပြီး အမေရိကန် အရှေ့ဘက်ကမ်းခြေသို့ ချဉ်းကပ်လာသောအခါအင်အား အတန်ရှိသော မုန်တိုင်းတစ်ခုအဖြစ် ရောက်ရှိဖွယ်ရှိကြောင်း ပညာရှင်များက ခန့်မှန်းထားကြသည်။

ယခုမုန်တိုင်းရာသီတွင် အီရီနီမုန်တိုင်းသည် အတ္တလန္တိတ်-ကာရစ်ဘီယံဒေသ၏ နဝမမြောက်မုန်တိုင်းဖြစ်သည်။ ထိုဒေသတွင် မုန်တိုင်းများသည် ဩဂုတ်လနှောင်းပိုင်းနှင့် အောက်တိုဘာလ စောစောပိုင်းတွင် အဖြစ်များသည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်တောင်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွား လေးဦး ထိခိုက်ဒဏ်ရာရရှိ

မနီလာ ဩဂုတ် ၁၂

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းဒေသမှ ဇမ်ဘိုအန်ဂါမြို့ရှိ ကူးသန်းရောင်းဝယ်မှုစည်ကားရာဒေသတွင်ရပ်ထားသည့် မော်တော်ယာဉ်တစ်စီး ဗုဒ္ဓဟူးနေ့က ပေါက်ကွဲရာ လူလေးဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

မင်ဒါနိုအိုကျွန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အကြီးအကဲ ရွေးချယ်ရန်အတွက် ပြည်နယ်ငါးခုတွင် တာဝန်ရှိပုဂ္ဂိုလ်များက မဲများရေတွက်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ အစိတ်အပိုင်းမဟုတ်သည့် ဇမ်ဘိုအန်ဂါမြို့သည် မင်ဒါနာအိုကျွန်းတွင် စစ်ရေးအရ လှုပ်ရှားမှုပြုလုပ်တိုင်း စစ်ဘက်၏ တစ်ထောက်နားခိုရာ စခန်းဖြစ်သည်။

ဖော်ပြပါ ပေါက်ကွဲမှုကိစ္စနှင့်ပတ်သက်၍ မိမိတို့ စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ရဲအရာရှိတစ်ဦးဖြစ်သူ ဂူစီလာက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ မည်သည့်အုပ်စု၏လက်ချက်ဖြစ်ကြောင်း ကြေညာမှုမရှိသေးပေ။

အမ်အင်အေ၊ရိုက်တာ။

စင်ကာပူ ရေနံတင်သင်္ဘောတစ်စင်း ဩစတြေးလျနိုင်ငံ ဆစ်ဒနီ ရေနံဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည်ကို ဩဂုတ် ၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗီယက်နမ်နိုင်ငံတွင် မူးယစ်ဆေးဝါးနှိမ်နင်း မူးယစ်မှောင်ခိုကိုးဦးကို တရားစွဲဆိုမည်

ဟနွိုင်း ဩဂုတ် ၁၂

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၊ ဟိုင်ဖုန်းမြို့နှင့် ဟနွိုင်းမြို့များသို့ မှောင်ခိုသယ်ဆောင်လာသော မူးယစ်ဆေးဝါး အက်စတာဆီဆေးပြား ၆၅၀၀ ကျော်နှင့်အတူ ဒေသတွင်း သယ်ဆောင်ရောင်းချသူ ကိုးဦးကို ဖမ်းမိခဲ့ရာ ၎င်းတို့ကို ဗီယက်နမ်နိုင်ငံတွင် မကြာမီ တရားစွဲဆိုမည်ဖြစ်သည်။

မူးယစ်မှောင်ခိုလုပ်ငန်း ခေါင်းဆောင် ဗူသီလီကူယန်နှင့် လီမန်ကွန်တို့သည် ဆေးပြား ၃၅၀၀ ကို ဟိုင်ဖုန်းမြို့မှ သယ်ဆောင်လာစဉ် ဒေသတွင်း ရဲတပ်ဖွဲ့က ဖမ်းဆီးမိခဲ့သည်။ ၎င်းတို့ကို မတ်လတွင် ဖမ်းမိခြင်းမတိုင်မီက ၎င်းတို့သည် ၂၀၀၄ ခုနှစ်နှောင်းပိုင်းကာလက ဆေးပြား ၃၀၀၀ ကျော်ကို မှောင်ခိုသယ်ယူခဲ့သေးကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်းကို ဒေသတွင်း သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဟနွိုင်းမြို့ ဒစ်စကို ကပွဲနေရာများ၊ ဘီယာဆိုင်များနှင့် ကာရာအိုကေအခန်းတို့တွင် အက်စတာဆီ မူးယစ်ဆေးပြားတစ်ပြားလျှင် ဗီယက်နမ်ဒေါင်ငွေ ၃၀၀၀၀၀ မှ ၃၅၀၀၀၀ (အမေရိကန် ဒေါ်လာ ၁၉ မှ ၂၂) နှုန်းဖြင့် ဖြန့်ဖြူးရောင်းချကြသည်။

ဗီယက်နမ်နိုင်ငံတွင် ၁၉၉၇ ခုနှစ်တွင် အက်စတာဆီဆေးပြားများကို ပြည်ပနိုင်ငံများမှ မှောင်ခိုတင်သွင်းလာသည်ကို တွေ့ရှိခဲ့သည်။ မကြာမီကာလတွင် အဆိုပါဆေးပြားများကို နိုင်ငံတွင်း၌ ထုတ်လုပ်လာကြပြီး ကော်ဖီဆိုင်၊ ကာရာအိုကေခန်းနှင့် ဘီယာဆိုင်များတွင်ပါ မူးယစ်ဆေးဝါးဖြန့်ဖြူးမှုများများကို တွေ့လာရသည်။ ဟနွိုင်းမြို့ တစ်မြို့တည်းမှာပင် ဧပြီလလယ်မှ ဇွန်လလယ်အထိ အချိန်အတွင်း အက်စတာဆီ မူးယစ်အမှုပေါင်း ခုနစ်မှုရှိပြီး မူးယစ်ဆေးနှင့်ပတ်သက်သူ ၃၀၀ ကျော်ကို ထိန်းသိမ်းနိုင်ခဲ့ကာ အက်စတာဆီ ဆေးပြား ၅၀၀၀ ကို ဖမ်းဆီးရမိခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် ယမန်နှစ်က မူးယစ်အမှုပေါင်း ၁၂၀၆၈မှုရှိပြီး အဆိုပါမူးယစ်မှုတွင်ပါဝင်ပတ်သက်သူ ၁၈၂၆၀ ဦးနှင့် ဘိန်းဖြူ ၂၃၉ ဒသမ ၄ ကီလိုကိုလည်း ဖမ်းဆီးခဲ့သည်။ မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ပညာပေးလုပ်ဆောင်မှုများ တိုးချဲ့လုပ်ကိုင်ခြင်း၊ စုံစမ်းရေးအဖွဲ့များကိုလည်း တိုးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးမှုနှင့် ပတ်သက်သော ရာဇဝတ်မှုကို တိုး၍ နှိမ်နင်းခြင်း၊ ဆေးစွဲသူများကို ရပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကို တိုးတက်အောင် လုပ်ဆောင်ပေးခြင်းနှင့် အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့နှင့် အိမ်နီးချင်းနိုင်ငံတို့နှင့်အတူ ဗီယက်နမ်နိုင်ငံသည် မူးယစ်မှောင်ခိုမှုကို လက်တွဲကာ တိုးမြှင့်နှိမ်နင်းလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

နယူးဇီလန်တွင် လေယာဉ်ပျက်ကျ ငါးဦး ဒဏ်ရာရ

ဝယ်လင်တန် ဩဂုတ် ၁၂

နယူးဇီလန်နိုင်ငံ ကွန်းတောင်းလေဆိပ်၌ အပေါ့စားလေယာဉ်တစ်စင်းသည် ဗုဒ္ဓဟူးနေ့တွင် ကောင်းကင်သို့ ပျံသန်းသွားစဉ် ပျက်ကျခဲ့သည်။ အဆိုပါ လေယာဉ်ပျက်ကျမှုကြောင့် ခရီးသည်ငါးဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။ ဆက်စ်နာခေါ် ၎င်းလေယာဉ်သည် ကောင်းကင်သို့ ပျံတက်စဉ် အချိန်အနည်းငယ်အကြာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ဒေသဆိုင်ရာရဲများက ပြောကြားခဲ့သည်။

အဆိုပါ လေယာဉ်သည် လေယာဉ်ဦးခေါင်းစိုက်လျက်သား ဆင်းသက်လာပြီး လေယာဉ်ဦးခေါင်းပိုင်းရှိဘီးကျိုးပျက်သွားခဲ့သည်ဟု ရဲထောက်လှမ်းရေးမှူး စထရိန်လီတန်က ပြောကြားသည်။

ထိုလေယာဉ် ပျက်ကျမှုကြောင့် လေယာဉ်ပေါ်လိုက်ပါလာသူ ခရီးသည် အားလုံးသည် အသက်အန္တရာယ်ကင်းရှင်းပြီး အပြင်းအထန်ဒဏ်ရာရသူ မရှိခဲ့ပေ။ ယင်းအဖြစ်အပျက်ကြောင့် လေယာဉ်၏ လောင်စာဆီ ယိုထွက်လာမှုကို မီးသတ်သမားများက ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ကြသည်။

လေကြောင်း အာဏာပိုင်အဖွဲ့၏ အကြံပေးချက်အရ လေယာဉ်ကွင်းကို ပိတ်ထားခဲ့ရကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မကာအိုတွင် တရားမဝင် အလုပ်သမားများဖမ်းမိ အရေးယူရန် စီစဉ်နေ

မကာအို ဩဂုတ် ၁၂

မကာအို လောင်းကစားရုံတစ်ခုတွင် တရားမဝင်အလုပ်သမား ၃၆ ဦးကို မကာအိုရဲများက ဖမ်းမိခဲ့သည်ဟု ဒေသဆိုင်ရာသတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြခဲ့သည်။ သတင်းပေးချက်အရ ရဲများက အဆိုပါနေရာသို့ ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရဲဌာနမှလာသောသတင်းကို ကိုးကား၍ မကာအိုသတင်းစာက ဖော်ပြထားသည်။

ဖမ်းမိထားသူများမှာ အသက်အရွယ်အားဖြင့် ၁၉ နှစ်မှ ၅၂ နှစ်ကြားတွင်ရှိကြသူများဖြစ်ပြီး တရုတ်ပြည်မမှ လာရောက်အလုပ်လုပ်ကိုင်သူများဖြစ်ကြသည်ဟု သတင်းစာတွင်ရေးသားထားသည်။ တရားမဝင် အလုပ်လုပ်ကိုင်သူများကို လက်ခံအလုပ်ပေးထားမှုသည် ရာဇဝတ်မှုတစ်ခုဖြစ်ကြောင်း၊ ထိုသို့ တရားမဝင်အလုပ်လုပ်သူများကို လက်ခံသူကို ပထမအကြိမ်တွင် ဒဏ်ငွေများစွာပေးဆောင်ရမည်ဖြစ်သော်လည်း ၎င်းတို့ကို ထိုပြစ်မှုဖြင့် ထပ်မံဖမ်းမိပါက ထောင်ဒဏ်ပါ ကျခံရမည်ဖြစ်သည်။ အဆိုပါ တရားမဝင်အလုပ်သမားများကို မကာအိုမှ ပြန်လည်၍ နယ်နှင်ရမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှု အစီအစဉ်များမှသည်. . .

ဒေါက်တာအောင်ထွဏ်း

ယနေ့ ကျောင်းသားလူငယ်များသည် အနာဂတ်နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းယူကြမည့် ရင်သွေးရတနာများဖြစ်ကြပါသည်။ ယနေ့ ကျောင်းသားလူငယ်များ ကျန်းမာကြံ့ခိုင်၍ အရည်အချင်း ပြည့်ဝကြပါမှ နိုင်ငံတော်အတွက် အားထားစိတ်ချရသော အင်အားစုကြီးဖြစ်ကာ နိုင်ငံတော်တိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် အနာဂတ်တွင် အားကိုးအားထား ပြုရမည့် မျိုးဆက်သစ် ကျောင်းသားလူငယ်များ ပေါ်ထွန်းလာရေးကို ဦးတည်ကာ ကျောင်းသားလူငယ် ပြုစုပျိုးထောင်ရေးကို အမျိုးသားရေးအမြင်၊ အမျိုးသားရေးအသိဖြင့် အဘက်ဘက်မှ အားပေးစီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

အထူးသဖြင့် ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ **'တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး'** ဟူသော လူမှုရေးဦးတည်ချက်ဖြင့် ကျန်းမာရေး မူဝါဒများ ချမှတ်၍ ရည်မှန်းချက်ကြီး နှစ်ရပ်၊ လုပ်ဆောင်ရန် နည်းနာ သုံးရပ်တို့ဖြင့် ကျောင်းသားလူငယ်များအပါအဝင် တစ်မျိုးသားလုံး၏ ကျန်းမာရေး အဆင့်အတန်း မြင့်မားတိုးတက်လာစေရေးအတွက် အမျိုးသား ကျန်းမာရေးစီမံကိန်းများကို စနစ်တကျရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။

အမျိုးသားကျန်းမာရေးစီမံကိန်း၊ လူထုကျန်းမာရေး စောင့်ရှောက်မှု စီမံချက်တွင် တစ်ခုအပါအဝင်ဖြစ်သည့် **'ကျောင်းကျန်းမာရေးလုပ်ငန်း'** စီမံချက်ဖြင့် မျိုးဆက်သစ်ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိပေသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနသာမက ကျောင်းသား၊ ကျောင်းသူများအတွက် အဓိကဌာနဖြစ်သော ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းကျန်းမာရေးကော်မတီများဖြစ်သည့် ဗဟိုအဆင့်၊ ပြည်နယ်နှင့်တိုင်း အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျောင်းအဆင့်ဟူ၍ အဆင့်ဆင့်ဖွဲ့စည်းကာ ကျောင်းကျန်းမာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးအဖွဲ့များ၊ မိခင်ကလေးကျန်းမာရေးအဖွဲ့များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများအား စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲကာ လိုအပ်ချက်မှန်သမျှ တတ်စွမ်းသမျှ ဖြည့်ဆည်းပေးလျက်ရှိပါသည်။

တစ်ဖန် ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းလျက် နှစ်စဉ်ဩဂုတ်လအတွင်း ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် သတ်မှတ်၍ အခြေခံပညာကျောင်းအလိုက် ကျန်းမာရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများ၊ ကျောင်းကျန်းမာရေးအဖွဲ့များနှင့် ဆောင်ရွက်ခဲ့ကြပါသည်။

ယခုနှစ်တွင်လည်း ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် ၂၀၀၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်မှ ၂၀ ရက်အထိသတ်မှတ်ကာ အခြေခံပညာ ကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်မည် ဖြစ်ပါသည်။

အမျိုးသားကျန်းမာရေးအစ စာသင်ကျောင်းက

စင်စစ် နိုင်ငံတော်အတွက် အရေးပါလှသော အင်အားစုတစ်ရပ်ဖြစ်သည့် နိုင်ငံ့ရတနာ ကျောင်းသားလူငယ်များအတွက် ဆောင်ရွက်နေသည့် ကျောင်းကျန်းမာရေးလုပ်ငန်းသည် အလွန်အရေးပါလှသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးကလည်း ကျောင်းကျန်းမာရေးလုပ်ငန်းကို ကောင်းမွန်တိုးတက်အောင် ရင်းနှီးမြှုပ်နှံခြင်းသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် စရိတ်နည်းနည်းနှင့် အကျိုးများစေသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးမှာ ကျောင်းကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာရေးအတွက် အဖွဲ့ဝင်အားလုံးက တူညီသည့်ရည်မှန်းချက် လုပ်နည်းလုပ်ဟန်တို့ဖြင့် ပါဝင်ဆောင်ရွက်ကြရန် Global School Health Initiative ဟူ၍ ၁၉၉၅ ခုနှစ်ကတည်းက စတင်လှုံ့ဆော် ဆောင်ရွက်ခဲ့ပါသည်။

ယနေ့ကျောင်းသား လူငယ်များကို ငယ်စဉ်ကတည်းက ထိရောက်သည့် ကျောင်းကျန်းမာရေး စောင့်ရှောက်မှုနှင့် မှုမှန်သည့် ကျန်းမာရေးအလေ့အကျင့်ကောင်းများ အခြေချပေးနိုင်မှသာ တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စိတ်အေးရမည်ဖြစ်ပါသည်။ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသလို အမျိုးသားကျန်းမာရေးအစ စာသင်ကျောင်းကပင်ဖြစ်ပါသည်။

ကျောင်းကျန်းမာရေးလုပ်ငန်း၏ ရည်ရွယ်ချက်

ကျောင်းသားလူငယ်တစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရေးဟူသော ရည်မှန်းချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးနှင့်နီးနွယ်နေသောဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံး၏ ကူညီပူးပေါင်းပါဝင်မှုတို့ဖြင့် အောက်ပါ ကျောင်းကျန်းမာရေးလုပ်ငန်း ရည်ရွယ်ချက်များ ပေါက်မြောက်အောင် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်–

(က) ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရန်၊

(ခ) ကျောင်းသားလူငယ်များအား မှန်ကန်သော ကျန်းမာရေးပညာနှင့် အပြုအမူများ သိရှိနားလည်၍ ကိုယ်တိုင်ကျင့်သုံးတတ်စေရန်၊ တစ်သက်တာလုံး ကျန်းမာပျော်ရွှင်သောဘဝ (Healthy Living Life Style) ပိုင်ရှင်များ ဖြစ်လာစေရန်၊

(ဂ) ကျောင်းသားလူငယ်များတွင် တွေ့ကြုံခံစားနေရသော ရောဂါပြဿနာများအား စောစီးစွာ ရှာဖွေကုသပေးရန်၊

(ဃ) ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းသာယာသော ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်များ ဖြစ်ထွန်းလာစေရန်၊

(င) အာဟာရပြည့်ဝ၍ ကာယ၊ ဉာဏ၊ စာရိတ္တ ကျန်းမာကြံ့ခိုင် သော မျိုးဆက်သစ် ကျောင်းသားလူငယ်များ ဖြစ်ထွန်းလာရေး အတွက် ပြုစုပျိုးထောင်ပေးရန်၊

(စ) ထိရောက်အောင်မြင်သော ကျောင်းကျန်းမာရေးလုပ်ငန်းမှတစ်ဆင့် ကလေးသူငယ်အချင်းချင်း၊ မိသားစု၊ ရပ်ရွာ၊ မြို့နယ်နှင့် တစ်မျိုး သားလုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရန်၊

တစ်နိုင်ငံလုံး ကျောင်းကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုလွှမ်းခြုံနိုင်ရေး

တစ်ဖန် နှစ်စဉ် တိုးတက်များပြားလာသော ကျောင်းနှင့်ကျောင်းသားဦးရေတို့အား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် ကျောင်းကျန်းမာရေးအဖွဲ့ ၈၀ နှင့်အတူ မြို့နယ်တိုင်းတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများက သက်ဆိုင်ရာ ဒေသအလိုက် (မြို့မ/ကျေးလက်) ကျောင်းကျန်းမာရေးလုပ်ငန်းအား တစ်နိုင်ဆောင်ရွက်စေခြင်းဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၀၂–၂၀၀၆) အရလည်း ကျေးလက်ကျောင်းကျန်းမာရေး အဆင့်အတန်း မြင့်မားတိုးတက်လာရေးအတွက် ကျန်းမာရေးဦးစီးဌာန၏ ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် ပေါင်းစည်းဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးအဆင့်မြှင့်ကျောင်းများ ထူထောင်ရေး

၁၉၉၆ ခုနှစ်မှ စတင်ခဲ့သည့် ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေး စီမံချက် ဆောင်ရွက်လျက်ရှိသော မြို့နယ်ပေါင်း ၃၁၄ မြို့နယ် ရှိပြီးဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်တွင် မြို့နယ်အားလုံး၌ လွှမ်းခြုံအကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။

ကျန်းမာရေး အဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်းဆိုသည်မှာ လူအင်အား၊ ပစ္စည်းအင်အား မည်သို့ပင်ရှိစေကာမူ မိမိ၏ကျောင်းနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးမိသားစုများ၏ ကျန်းမာရေး အဆင့်အတန်းကို အစဉ်အမြဲ တိုးတက်မြင့်မားအောင် ဆောင်ရွက်နေသော လုပ်ငန်းပင်ဖြစ်သည်။ စင်စစ် ဤလုပ်ငန်းသည် ယခင်ဆောင်ရွက်လျက်ရှိသော ကျောင်းကျန်းမာရေး လုပ်ငန်းများကို လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ပြုပြင်ရေးဆွဲ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတစ်ရပ်သာဖြစ်ပါသည်။

ကျန်းမာရေးအဆင့်မြှင့် ကျောင်းထူထောင်ရေးစီမံချက်အရ ကျောင်းသားလူငယ်များ ငယ်ရွယ်စဉ်မှစတင်၍ မှန်ကန်သော ကျန်းမာရေးအလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ရေးနှင့် ဘဝတစ်သက်တာလုံးအတွက် ကျန်းမာရေး အလေ့အကျင့်ကောင်းများရရှိ နိုင်ရန် သမားရိုးကျ ကျောင်းကျန်းမာရေးလုပ်ငန်းကို ကျန်းမာရေးအဆင့်မြှင့်လုပ်ငန်းစဉ်များအဖြစ် ပြောင်းလဲချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မြို့နယ်တိုင်းတွင် နှစ်စဉ်ကျောင်းအုပ်များအား ကျောင်းကျန်းမာရေးသင်တန်း ပို့ချ၍ စာသင်နှစ် တစ်နှစ်အတွက် ကျောင်းအလိုက်လုပ်ဆောင်ရမည့် ကျောင်းကျန်းမာရေးလုပ်ငန်း စီမံချက်ရေးဆွဲကာ အကောင်အထည်ဖော်လျက် ရှိပါသည်။

မြို့နယ်များရှိ ကျောင်းကျန်းမာရေးဌာန သို့မဟုတ် မြို့နယ်ကျန်းမာရေး ဦးစီးဌာနအောက်ရှိ အခြေခံကျန်းမာရေးဝန်ထမ်းများက ဒေသအလိုက် ကျောင်းများသို့ ကွင်းဆင်း၍ အောက်ပါကျောင်းကျန်းမာရေး လုပ်ငန်းကိုးရပ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်–

(၁) ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်း၊

(၂) ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊

(၃) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊

(၄) ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊

(၅) ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊

(၆) ကျောင်းမှပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊

(၇) နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊

(၈) သင်တန်းနှင့်သုတေသနလုပ်ငန်း၊

(၉) ကျောင်းအားကစားနှင့် ကာယလုပ်ငန်း၊

၂၀၀၅–၂၀၀၆ ခုနှစ်အတွက် ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်းမှာ ပါဝင်နေသည့် ဆေးလိပ်ကင်းဝေးရေးကျောင်း၊ ခြင်ကျားကင်းစင်ကျောင်း၊ အမှိုက်ကင်းစင်ကျောင်းနှင့် ကျောင်းကျန်းမာရေး စံပြကျောင်းများ ဖြစ်ထွန်းရေးလုပ်ငန်းများကို ဆရာ၊ ကျောင်းသားများနှင့်တကွ နီးနွယ်ဌာန၊ အဖွဲ့အစည်းအားလုံး လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သက်ဆိုင်ရာ တိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ ဒု–တိုင်းကျန်းမာရေး ဦးစီးဌာနမှူးနှင့် မိခင်ကလေး ကျောင်းကျန်းမာရေး ဆရာဝန်ကြီးတို့က မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများသို့ အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲလျက် ကျောင်းကျန်းမာရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါသည်။ နှစ်စဉ်ကျောင်းကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုအား မြို့နယ်၊ တိုင်းနှင့် ဗဟိုအဆင့် လူထုကျန်းမာရေး စောင့်ရှောက်မှု ဆန်းစစ်ဆွေးနွေးပွဲများနှင့်အတူ ပူးတွဲဆန်းစစ်ဆောင်ရွက်လျက် ရှိပါသည်။

ကျောင်းအဆင့်တွင် ဆရာ၊ ဆရာမများသည် ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးသင်တန်းမှ ရရှိလာသော အသိပညာများဖြင့် အတန်းတိုင်းတွင် ကျောင်းသားလူငယ်များအား မှန်ကန်သော ကျန်းမာရေး အလေ့အကျင့်များကို ဦးစားပေး ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

အခြားနီးနွယ်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်မှု

ထို့ပြင် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကျောင်းကျန်းမာရေး ဘာသာရပ်များအား မူလတန်းဘဝတွက်သာ ကျွမ်းကျင်စရာ ဘာသာရပ်သင်ရိုးတွင် ထည့်သွင်းရာ၌လည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်း သင်ရိုးသစ်ရေးဆွဲရန်အတွက်လည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

တစ်ဖန် စည်ပင်သာယာရေးဦးစီးဌာနနှင့် ပူးပေါင်း၍လည်း ကျောင်းဈေးဆိုင်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ World Vision၊ WFWP၊ AMI စသည့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့များနှင့် WHO၊ UNICEF စသည့်ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းစသည်များကလည်း ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တွေ့နိုင်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး၊ အေးဒီး(စ်)ခြင်ကျား ကင်းစင်ကျောင်းများ ထူထောင်ပေး

အထူးတင်ပြလိုသည့်အချက်မှာ ကျောင်းသားလူငယ်များကို သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်မှ ကင်းဝေးရေးအတွက် အေးဒီး(စ်)ခြင်ကျား ဖြစ်စေသော ပိုးလောက်လမ်းပေါက်ပွားမှု သုတ်သင်နှိမ်နင်းရေး လုပ်ငန်းကို ကျောင်းများတွင် နှစ်စဉ်သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး စီမံချက်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိရာမှ ယခုအခါ အရှိန်အဟုန်မြှင့်၍ **အေးဒီး(စ်) ခြင်ကျားကင်းစင်ကျောင်းများ ထူထောင်ရေး စီမံချက်** ကို ရေးဆွဲ အကောင်အထည် ဖော်လျက်ရှိခြင်းပင်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ချင်းပြည်နယ်မှအပ ကျန်ပြည်နယ်နှင့်တိုင်းများတွင် ဖြစ်ပွားလေ့ရှိသည်။ သွေးလွန်တုပ်ကွေး ရောဂါသည် ကျောင်းဖွင့်စမိုးရာသီတွင် အထူးဖြစ်ပွားလေ့ရှိသည်။ တစ်နှစ်ပတ်လုံးတွင်လည်း ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်၊ အိမ်နှင့် နေအိမ်ပတ်ဝန်းကျင်တို့တွင် အေးဒီး(စ်)ခြင်ကျား ဖြစ်စေသော ပိုးလောက်လမ်းများ ပေါက်ပွားနေပါက သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်ပါသည်။ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် ကျောင်းတိုင်းအေးဒီး(စ်) ခြင်ကျားကင်းစင်ကျောင်းများ ဖြစ်ပေါ်လာစေရန် ဆရာ၊ ကျောင်းသားများပါဝင်၍ တစ်နှစ်ပတ်လုံး အကောင်အထည်ဖော်သွားရမည် ဖြစ်ပါသည်။

၂၀၀၅ ခုနှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အစီအစဉ်များ

ကျောင်းကျန်းမာရေး သီတင်းပတ်ဖြစ်သော ၂၀၀၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်မှ ၂၀ ရက်အတွင်း ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ပြည်နယ်၊ တိုင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများ၊ ကျောင်းကျန်းမာရေးအဖွဲ့များ အနေဖြင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ်ပညာရေးမှူးများနှင့် ဆက်သွယ်ညှိနှိုင်း၍ ကျောင်းအုပ်စုအလိုက်၊ အခြေခံပညာကျောင်းအလိုက် အောက်ပါ ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်(၅)ရပ်ကို အထူးဆောင်ရွက်မည် ဖြစ်ပါသည်–

(၁) ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊

(၂) ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊

(၂) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊

(၄) ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊

(၅) ကျောင်းတွင်းအာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်း၊

ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းအလိုက် အရပ်အမောင်းနှင့် ကိုယ်အလေးအချိန်တို့ကို တိုင်းတာပြီးပါက အသက်အရွယ်အလိုက် ရှိသင့်သည့် အတိုင်းအတာထက် လျော့နည်းနေသူများကို သီးခြားအချိန်ယူ၍ အသေးစိတ် ပြန်လည်စစ်ဆေးပြီး တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ကုသရေးနှင့် ကျွေးမွေးပြုစုရေး အစီအစဉ်များကို ဆောင်ရွက်ကြပါမည်။

ထို့ပြင် အာဟာရဌာနနှင့် ပူးပေါင်း၍ WHO နှင့် UNICEF တို့၏ ပံ့ပိုးမှုဖြင့် ကချင်၊ ကယား၊ကရင်၊ ချင်း၊ မွန်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း သုံးမြို့နယ်၊ စစ်ကိုင်းတိုင်း ခုနစ်မြို့နယ် စုစုပေါင်း ပြည်နယ်နှင့်တိုင်း ၁၃ ခုရှိ မြို့နယ်များမှ မူလတန်းကျောင်းသားစုစုပေါင်း သုံးသန်းခန့်ကို ၂၀၀၅ ခုနှစ် ကျောင်းကျန်းမာရေး သီတင်းပတ်အတွင်း သန်ချဆေးများ ပထမအကြိမ် တိုက်ကျွေးရန် စီစဉ်ထားပါသည်။ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် မူလတန်းကျောင်းသား၊ ကျောင်းသူများအတွက် သာမက နှစ်နှစ်၊ ငါးနှစ် အရွယ်ကလေးများနှင့် ကိုယ်ဝန်ဆောင်များကို တိုက်ကျွေးရန်ရည်မှန်းထားပါသည်။ လက်ရှိ ဆင်ခြေထောက်ရောဂါကာကွယ်ရေးစီမံချက် ဆောင်ရွက်လျက်ရှိသော မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း ပဲခူးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင်မူ အထက်ပါစီမံချက် အစီအစဉ်ဖြင့် မူလတန်းကျောင်းသား၊ ကျောင်းသူများအား တိုက်ကျွေးမည်ဖြစ်ပါသည်။

ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

သို့ဖြစ်ရာ မျိုးဆက်သစ် ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် အရေးပါလှသော ကျောင်းကျန်းမာရေးလုပ်ငန်းများ နိုင်ငံတကာအဆင့်နှင့်အညီ တိုးတက်ဖြစ်ထွန်း အောင်မြင်ရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ နီးနွယ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မိဘပြည်သူများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

✳ ရှည်ရှည်ချက်(၄)ရပ်မှ

ပါမောက္ခများ၊ တွဲဖက် ပါမောက္ခများ၊ ဌာနမှူးများနှင့် ဆရာ၊ ဆရာမများ၊ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်း၊ မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန် တိုင်းအနေဖြင့် သစ်တော၊ သစ်ပင်များ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာစေရန် အတွက် လူထုလှုပ်ရှားမှုဖြင့် နှိုးဆော်ရန်၊ ရှေးလူကြီးများက သစ်ပင်များ စိုက်ပျိုး ခဲ့သကဲ့သို့ မိမိတို့လက်ထက်တွင်လည်း နောင်လာနောက်သားများအတွက် ပြုစု ပျိုးထောင် စိုက်ပျိုးပေးသွားရန်၊ စည်းကမ်းမဲ့ သစ်ခုတ်မှုများ မပြုလုပ်ဘဲ စနစ်တကျ ထုတ်လုပ်သုံးစွဲ အစားထိုး ပြန်လည်စိုက်ပျိုးသွားရန်နှင့် သစ်တော သယံဇာတ မပျက်စီးအောင် စောင့် ရှောက်ခြင်းဖြင့် ရာသီဥတု မှန်ကန် အောင် ထိန်းသိမ်းရန်ဆိုသည့် ရည် ရွယ်ချက်လေးရပ်ဖြင့် သစ်ပင်စိုက် ပွဲတော်များကို နှစ်စဉ် ကျင်းပလျက် ရှိကြောင်း၊ ယခု သစ်ပင်စိုက်ရာသီ ကာလအတွင်း ရန်ကုန်တိုင်းအတွင်းရှိ တပ်နယ်များ၊ ခရိုင်များအလိုက် သစ်ပင် စိုက်ပွဲတော်များ ကျင်းပခဲ့ပြီး တက္ကသိုလ်၊ ကောလိပ်များ၌လည်း သစ်ပင်စိုက်ပွဲတော်များ ကျင်းပလျက် ရှိရာ ယခု ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်သည် ဆဋ္ဌမမြောက် ကျင်းပ သည့် တက္ကသိုလ်ဖြစ်ကြောင်း၊ ယခု ကဲ့သို့ သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ဒေသတစ်ခုလုံး စိမ်းလန်းစိုပြည်စေပြီး နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင်(၃၀)ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးကို အထောက် အကူပြုမှာဖြစ်ကြောင်းနှင့် ယနေ့ စိုက်ပျိုးခဲ့သည့် အပင်များ ရှင်သန် ကြီးထွားမြဲမြံစေရေးအတွက် ဝိုင်းဝန်း ထိန်းသိမ်း စောင့်ရှောက်ကြစေလို ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဦးစော ကျော်မင်းက တက္ကသိုလ်အတွင်း သစ်ပင်ပေါင်း ၃၀၃၀ကျော် စိုက်ပျိုး ထားရှိမှုနှင့် ယနေ့ကျင်းပသည့် သစ်ပင် စိုက်ပွဲတော်အတွင်း သစ်ပင်များစိုက်ပျိုး မည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တော ဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဦးမောင်မောင်အောင်က ရန်ကုန် တိုင်းအတွင်း ကျွန်းအထူးစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းများ အကောင် အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် ယခုနှစ်မိုးရာသီအတွင်း ပျိုးပင်ပေါင်း ကိုးသိန်းကျော် စိုက်ပျိုးပြီးစီးမှု အခြေ အနေများကို လည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့် တာဝန်ရှိသူများက အခမ်း အနားသို့ တက်ရောက်လာကြသူများ အား မဟော်ဂနီပျိုးပင်များ ဝေငှပေး သည်။

အမှတ်တရ စိုက်ပျိုး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ က သစ်ပင်စိုက်ပွဲတော် အထိမ်းအမှတ် အဖြစ် ခရေပင်ကို အမှတ်တရ စိုက်ပျိုး ပေးသည်။

ယင်းနောက် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဦးစောကျော် မင်းနှင့် တာဝန်ရှိသူများက ခရေပင်များ ကို စိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နှင့် တာဝန်ရှိသူများက သစ်ပင်စိုက် ပွဲတော်၌ ဆရာ၊ ဆရာမများ၊ ကျောင်း သား၊ ကျောင်းသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ပြည်သူများ၏ တပျော် တပါး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

အပင် ၁၃၀၀၀ ကျော်

ယနေ့ ကျင်းပသည့် ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် သစ်ပင်စိုက် ပွဲတော်တွင် ပျဉ်းကတိုး၊ ပိတောက်၊ စိန်ပန်းကြီး၊ မဲ ဇလီ၊ ငုရွှေဝါ၊ ကဗ္ဗိုး၊ မဟော်ဂနီနှင့်ခရေပင် စုစုပေါင်း အပင် ၁၃၀၀၀ ကို တစ်ချိန်တည်း တစ်ပြိုင် တည်း စိုက်ပျိုးခဲ့ကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေသည် အဆိုပါ တက္ကသိုလ်ရှိ စာသင်ခန်းမ၌ တက္ကသိုလ်ရှိ ပါမောက္ခ ချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ များ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် တာဝန်ရှိ သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဦးစောကျော် မင်းက တက္ကသိုလ်၏ သမိုင်းအကျဉ်း နှင့် သင်ကြားရေးနှင့် စီမံခန့်ခွဲရေး ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက အမှာစကားပြောကြားရာ တွင် **"ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီး တည် ဆောက်အံ့"** ဟူသော ဆောင်ပုဒ်နှင့် အညီ နိုင်ငံတော်က အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာ၌ အားကိုးအားထားပြုရမည့် အရည် အချင်းပြည့်ဝသော အသိပညာရှင်များ၊ အတတ်ပညာရှင်များကို မွေးထုတ်ပေး လျက်ရှိကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက် သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေ ရေးအတွက် ကဏ္ဍမျိုးစုံမှ အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ပညာ ရေးသည်အရေးကြီးသည့် အခန်းကဏ္ဍ ၌ ပါဝင်လျက်ရှိကြောင်း၊ ယနေ့သည် Knowledge Age ဖြစ်သည်နှင့်အညီ ခေတ်မီပညာရပ်များ သင်ယူတတ် မြောက်နိုင်စွမ်းသည် နယ်ပယ်ကဏ္ဍ အားလုံး၏ ထိပ်တန်းသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ ပညာဉာဏ်စွမ်းအား မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ် များ ပြုစုပျိုးထောင်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်း ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ယခင် က မြို့ပြများတွင်သာ တက္ကသိုလ်ပညာ သင်ယူနိုင်သည့် အခြေအနေမှ ယခု အခါ ကျေးလက်ဒေသများအထိ တက္ကသိုလ်ပညာ သင်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိနေပြီဖြစ်ကြောင်း နှင့် နိုင်ငံတော်၏ပညာရေး ရည်မှန်း ချက်များ အောင်မြင်စေရန်နှင့် နိုင်ငံ တော်က အထူးအားထားရသည့် အသိ ပညာရှင်၊ အတတ်ပညာရှင်များ ပေါ် ထွန်းလာစေရန် ဆရာ၊ဆရာမများက စေတနာရှေ့ထား၍ ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



ရန်ကုန်မြို့ရှိ စင်ကာပူသမ္မတနိုင်ငံ သံရုံးနှင့် မြန်မာနိုင်ငံ စင်ကာပူအသင်း (Singapore Association Myanmar-SAM) တို့ ပူးပေါင်းကျင်းပသည့် (၁၂)ကြိမ်မြောက် ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. T. Jasudasen က မြန်မာနိုင်ငံ ပညာရေးကော်မတီသို့ မြန်မာနိုင်ငံစင်ကာပူအသင်းက လှူဒါန်းသည့် ငွေကျပ်သိန်း ၄၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း လက်ခံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စင်ကာပူအသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်မြို့ရှိ စင်ကာပူသမ္မတနိုင်ငံ သံရုံးနှင့် မြန်မာနိုင်ငံ စင်ကာပူအသင်း (Singapore Association Myanmar-SAM) တို့ ပူးပေါင်းကျင်းပသည့် (၁၂)ကြိမ်မြောက် ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ည ၇နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ ပြည် ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ နိုင်ငံ စင်ကာပူအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ စင်ကာပူ အသင်းဥက္ကဋ္ဌ Mr. Teddy Chia က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား သည်။

ယင်းနောက် ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတ နိုင်ငံ သံအမတ်ကြီး H.E. Mr. T. Jasudasen က မြန်မာနိုင်ငံ ပညာရေး ကော်မတီသို့ မြန်မာနိုင်ငံ စင်ကာပူ အသင်းက လှူဒါန်းသည့် ငွေကျပ်သိန်း ၄၀ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ ကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံ စင်ကာပူ အသင်းက ကျင်းပသည့် (၁၂)ကြိမ် မြောက် ချစ်ကြည်ရေး ဂေါက်သီးရိုက် ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပပြီး ဧည့်သည်တော် များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ရွှေပြည်သာမြို့နယ်အတွင်း သန့်ရှင်းသာယာရေးဆောင်ရွက်မှုများကြည့်ရှု

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ဘုရင့်နောင်လမ်းရှိ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး ရုံးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် တာဝန်ရှိ သူများ၏ တင်ပြချက်အပေါ် ဒုတိယ မြို့တော်ဝန်က ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လမ်းများအဆင့် မြှင့်ရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် မြို့နယ် အဆင့်မြှင့်ရေး လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်သည် မြို့နယ်အတွင်း သန့်ရှင်းသာယာလှပ ရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်စေရန် မြို့နယ် စည်ပင်သာယာနှင့် မြို့နယ်ကျန်းမာ ရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ ရွှေပြည်သာမြို့နယ် သီရိ မင်္ဂလာပတ်လမ်း ဝဲ/ယာတစ်လျှောက် ရေနုတ်မြောင်းနှင့် ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်း၊ ဆေးဖျန်းခြင်းနှင့် အိမ်များအတွင်း ဆေးမှုတ်ခြင်း ဆောင် ရွက်နေမှု အခြေအနေများကို လိုက်လံ ကြည့်ရှု အားပေးပြီး ရပ်ကွက်ပြည်သူ များအား ရင်းနှီးစွာ နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန် သည် ရွှေပြည်သာမြို့နယ် ဗိုလ်ချုပ် လမ်းနှင့် မြို့နယ် ပြည်သူ့ဆေးရုံရှေ့ ဘုရင့်နောင်လမ်း ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်နေမှုနှင့် လှော်ကားလမ်း အဆင့်မြှင့်နိုင်ရန်ကတ္တရာ ခင်းကျင်း ရန် ဆောင်ရွက်မည့်အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ ဒုတိယမြို့တော်ဝန်သည် ရွှေပြည်သာ မြို့နယ် ပြည်သူ့ဆေးရုံအတွင်း ကျန်းမာ ရေးကုသမှု လုပ်ငန်းများ ဆောင်ရွက် ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင် ရွက်ပေးကာ ကျန်းမာရေး ကုသမှုခံယူ နေသော လူနာများအား ကြည့်ရှု အားပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ရွှေပြည်သာ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်း၌ မြို့နယ် အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှု ဆောင်များ၊ ရပ်ကွက်စည်းရုံးရေး မှူးများ၊ အသင်းဝင်များနှင့် တွေ့ဆုံ သည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယ မြို့တော်ဝန်က မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက မြို့နယ် ပြည်သူ့ဆေးရုံသို့ လှူဒါန်းသည့် ငွေကျပ်တစ်သိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ဖြူဖြူထံ ပေးအပ် လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှု ဆောင်က ကျေးလက်ကဏ္ဍ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို ရှင်းလင်း ပြောကြားပြီး နယ်မြေဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေးတို့ အတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် မှော်ဘီမြို့နယ် သဲဖြူကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှု ရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖ များအား တွေ့ဆုံ၍ အဆိုပါကျေးရွာ၌ တည်ဆောက်လျက်ရှိသော စစ်မှုထမ်း ဟောင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆိုင်ရာများကို မှာကြားပြီး စစ်မှုထမ်း ဟောင်းကျေးရွာ အမှတ်(၂) အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီး မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေ အနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင် ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၃-၈-၂၀၀၅

မြိတ်မြို့	၅ ဒသမ ၀၈ လက်မ၊
သိမ်ဇရပ်	၃ ဒသမ ၅၄ လက်မ၊
လှိုင်ကော်	၃ ဒသမ ၃၁ လက်မ၊
ရေး	၂ ဒသမ ၈၇ လက်မ၊
ကော့သောင်း	၂ ဒသမ ၈၀ လက်မ၊
ဘားအံ	၂ ဒသမ ၄၅ လက်မ၊
ပျဉ်းမနား	၂ ဒသမ ၄၀ လက်မ၊
ဟဲဟိုး	၂ ဒသမ ၂၄ လက်မ၊
ပခုက္ကူ	၁ ဒသမ ၉၇ လက်မ

လယ်တီဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က)ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၈၆)ကြိမ်မြောက် လယ်တီဝိပဿနာ တရားစခန်းကို ဩဂုတ် ၁၉ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)



ဩဂုတ် ၇ရက်က ကျုံပျော်မြို့နယ် အင် လမ်းမကြီးဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင် ၆၀၀ ခန့်ကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေး ဦးဆောင်၍ ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။

(မြို့နယ်/စည်ပင်)

▲ ရှေ့ဖုံးမှ

ဆည်ရေသောက် မူလဧရိယာဧကေ ငါးထောင်မှ တူးမြောင်းအရှည်တိုးချဲ့၍ ဧကခြောက်ထောင် တိုးချဲ့ပြီး စုစုပေါင်း ဧက ၁၁၀၀၀ ရေသောက်ဧရိယာ ရေပေးမှု၊ သီးနှံစိုက်ပျိုးမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းကသစ်တက်ကုန်းတူးမြောင်းမှ သူငယ်တော်ကန်သို့ ရေရရှိမှု၊ ကင်းတား လက်ဝဲမြောင်းမကြီးမှ ပြူကန်သို့ ရေရရှိမှု၊ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် တံတားဦးမြို့နယ်များတွင် သီးနှံစိုက်ပျိုးရေရရှိမှု၊ တူးမြောင်းများ ကြံ့ခိုင်မှုရှိရေးနှင့် ရေလွှဲဆည် ထိန်းသိမ်းမှုတို့ကို ရှင်းလင်းတင်ပြသည်။

လုပ်ငန်းချမှတ်

ဝန်ကြီးသည် တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များနှင့် တူးမြောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရေလွှဲဆည်မှ ရေလိုအပ်ချိန်တွင် ရေပေးနိုင်ရန် သို့လှောင်နိုင်ရေး၊ တူးမြောင်းဖြတ်၍ စီးဆင်းသော တောင်သာချောင်း၊ မယ်ဇလီချောင်း၊ တောင်တစ်လုံးချောင်းများ ထိန်းသိမ်းရေးတို့ကို ဆွေးနွေးမှာကြားပြီး ဆောင်ရွက်ရန် လုပ်ငန်းများ ချမှတ်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ရေလွှဲဆည်ရေထိန်းတံခါးများနှင့် ရေသိုလှောင်မှုကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်း မိတ္ထီလာမြို့နယ်တွင် တည်ဆောက်နေသည့် မိတ္ထီလာကန် ရေကူပေးရေးဆိုင်ရာ တမံတစ်ခုဖြစ်သောညောင်ကုန်းရေလှောင်တမံသို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ပျော်ဘွယ်မြို့နယ် ချောင်းကောက် ရေလှောင်တမံမှ ဆည်ရေကို လက်ခုပ်ပင်တမံ၊လွှန်ငင်တမံ၊ ညောင်ကုန်းတမံတို့မှ ဆက်သွယ်တူးမြောင်းဖြင့် မိတ္ထီလာကန်သို့ ရေဖြည့်ရန်၊ တူးမြောင်းအားလုံး ပြီးစီးမှု၊ ချောင်းကောက်တွင် ရေပြည့်သိုလှောင်ရေရရှိသည်နှင့် ချောင်းကောက် ရေလှောင်တမံမှ ရေကို မိတ္ထီလာကန်သို့ ရေဖြည့်နိုင်မှုအသင့်အခြေအနေရှိနေမှုကို မြေပုံနှင့်ပြသရှင်းလင်းသည်။ ဝန်ကြီးက လုပ်ငန်းများ ပြီးစီးပြီဖြစ်သော်လည်း မိုးရာသီတွင် ဆက်သွယ်ရေးမြောင်းများ ကြံ့ခိုင်ရေးနှင့်ပတ်သက်၍ ကြပ်မတ်စစ်ဆေးသွားရေး မှာကြားသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တာဝန်ခံများက အင်းဆည်နှင့် ကျပင်းဆည်တို့ပြုပြင်၍ ဆည်ပေါင်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ရေသောက်စနစ်ပြုပြင်မှုလုပ်ငန်းတို့ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ဝန်ကြီးက ရေရှားပါးသည့်ဒေသဖြစ်၍ ဒေသအတွင်းရှိ ဆည်ငယ်၊ ကန်ငယ်များကို ရေပိုမိုသိုလှောင်နိုင်အောင် လေ့လာဆောင်ရွက်ပေးခြင်းဖြင့် သောက်သုံးရေသာမက စိုက်ပျိုးရေပါ ရရှိနိုင်သည့်အတွက် နယ်မြေဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်ကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးရန်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မိတ္ထီလာမြို့နယ် အလယ်ရွာအနီး၌ ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်နေသည့် ကျပင်းဆည် ထိန်းသိမ်းပြုပြင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ခရီးစဉ်အတွင်း ဒေသခံကျေးရွာသူ ကျေးရွာသားများ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့ပြသာမက နယ်စပ်ဒေသနှင့် ကျေးလက်ဒေသပါမကျန် ကွက်လပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် နိုင်ငံတော်က ချမှတ်ပေးထားသော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်ကြီး (၅)ရပ်အား နယ်မြေလူထုနှင့် ပူးပေါင်း၍ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကြောင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှုရှိလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိနယ်မြေ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ရှင်းလင်းမှာကြားပြီး ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

လှိုင်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်၌ ကတ္တရာလမ်းသစ်များဖွင့် တိုင်းမှူးနှင့် မြို့တော်ဝန်တို့ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် 　 ဩဂုတ် 　 ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် မာလာမြိုင်(၂)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် မရမ်းကုန်းမြို့နယ် အောင်မင်္ဂလာ(၃)ရပ်ကွက် သန့်ဇင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ လမ်းသစ်များ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေး ချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် မာလာမြိုင်(၂)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို နံနက် ၇နာရီခွဲတွင် အဆိုပါ လမ်းသစ်ထိပ်ရှိ မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဒင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး လမ်းသစ်တစ်လျှောက်ကြည့်ရှုစစ်ဆေးကြသည်။

လိုက်လံကြည့်ရှု

ဆက်လက်၍ မရမ်းကုန်းမြို့နယ် အောင်မင်္ဂလာ(၃)ရပ်ကွက် သန့်ဇင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ လမ်းသစ်ထိပ်ရှိ မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် လမ်းသစ်အလှူရှင်ဦးရန်အောင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး လမ်းသစ်တစ်လျှောက် လိုက်လံကြည့်ရှုကြသည်။

ယနေ့ ဖွင့်လှစ်သည့် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် မာလာမြိုင်(၂)လမ်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၃၅၀၊ အကျယ် ၁၂ပေရှိပြီး ငွေကျပ် ၉၄သိန်း အကုန်အကျခံ ခင်းကျင်းခဲ့ခြင်းဖြစ်သည်။မရမ်းကုန်းမြို့နယ် အောင်မင်္ဂလာ(၃)ရပ်ကွက် သန့်ဇင်လမ်း ကွန်ကရစ်လမ်းသစ်မှာ အရှည်ပေ ၆၆၀၊ အကျယ် ၁၀ပေမှ ပေ ၂၀ထိရှိပြီး ငွေကျပ် သိန်း ၄၀ကျော် အကုန်အကျခံ ခင်းကျင်းခဲ့သည်။ 　 (သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန် အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် မာလာမြိုင်(၂)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဒင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ရန်ကုန်တိုင်း)

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား တရုတ်အဖွဲ့တွေ့ဆုံ

ရန်ကုန် 　 ဩဂုတ် 　 ၁၃

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kingbao Mining Ltd. ဥက္ကဋ္ဌ Mr. Yang Xiaoqing နှင့် အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ကံဘဲ့လမ်းရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ 　 (သတင်းစဉ်)

ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းရေး လူသွားစင်္ကြံများ အဆင့်မြှင့်တင်ခင်းကျင်းမှုလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် 　 ဩဂုတ် 　 ၁၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြှင့်တင် ခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက်၆နာရီခွဲတွင် ရန်ကုန်မြို့ လသာမြို့နယ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြော အထူးကုဆေးရုံကြီးဝင်းအတွင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်း၍ မြက်နှင့်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းလမ်းထောင့်၌ လမ်းဘေး ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းမှုကိုလည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် (၄၉)လမ်းနှင့် လမ်း(၅၀)ကြားနှင့် ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် (၃၅)လမ်းကြား အနော်ရထာလမ်းတစ်လျှောက် လမ်းဘေး လူသွားစင်္ကြံကွန်ကရစ်ကျောက်ပြားများ အဆင့်မြှင့်တင်ခင်းကျင်းမှုကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက်အတွင်းရှိ ရန်ကုန်တပ်မြို့ဈေးအတွင်းတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ စုပေါင်း၍ အမှိုက်များရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်းကို လည်းကောင်း၊ ဒဂုံမြို့နယ် မဟာဝိဇယစေတီတော်အနီး ဦးထောင်ဘိုလမ်းတစ်လျှောက် လမ်းသားပြုပြင်ခင်းကျင်းမှုကိုလည်းကောင်း၊ ဗဟန်းမြို့နယ် ကြားတောရလမ်း တစ်လျှောက် လမ်းဘေး ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းမှုကိုလည်းကောင်း၊ ရေတာရှည်လမ်းဟောင်း တစ်လျှောက် လမ်းဘေးရေနုတ်မြောင်း ဆယ်ယူရှင်းလင်းမှုကိုလည်းကောင်း၊လှိုင်မြို့နယ် လှိုင်ရတနာဈေးအနီး အင်းစိန်လမ်းမကြီး တစ်လျှောက် လမ်းဘေးရေနုတ်မြောင်း ဆယ်ယူရှင်းလင်းမှုကိုလည်းကောင်း၊ ပါရမီလမ်းနှင့် ဗဟိုလမ်း လမ်းဆုံအနီး ဗဟိုလမ်းတစ်လျှောက် လမ်းဘေးလူသွားစင်္ကြံကွန်ကရစ်ကျောက်ပြားများ အဆင့်မြှင့်တင်ခင်းကျင်းမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအတင့်အသင့်ရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ်၊ ဩဂုတ်လအတွက်

(၁၄-၈-၂၀၀၅)ရက်နေ့

နှင့်

(၂၈-၈-၂၀၀၅) ရက်နေ့

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေး အတွက် ဆောင်ရွက်လျက်ရှိရာ အမှတ်(၂)ရပ် ကွက် တွင် အဝီစိတွင်း (၂) လက်မ တူးဖော်ခြင်း လုပ်ငန်းကို ဒု-ဦးစီးမှူးဦးမြင့်ဆွေနှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းမင်းထွန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။ (စည်ပင်)

ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲများ ကျင်းပ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ဖွင့်လှစ်

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၃၀) အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်တို့က ကျောင်းဆောင်သစ်အတွင်း ကြည့်ရှုစစ်ဆေးကြစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၉) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၃၀) အခြေခံပညာမူလတန်းကျောင်းနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းတို့၏ ကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းများ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေးသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂၉) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (ရန်ကုန်တိုင်း)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂၉) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၁၀ နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၁၀၇) ရပ်ကွက်ရှိ အဆိုပါကျောင်း၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်အတွင်းလှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၁) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၁၆၈) ရပ်ကွက်ရှိ အဆိုပါကျောင်း၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၃၀) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၆၃) ရပ်ကွက်ရှိ အဆိုပါကျောင်း၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၉) အခြေခံပညာ မူလတန်းကျောင်း၊ အမှတ်(၃၀) အခြေခံပညာ မူလတန်းကျောင်းနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ် (၁) အခြေခံပညာ အလယ်တန်းကျောင်းတို့၏ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၃၀) အခြေခံပညာ မူလတန်းကျောင်း ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။

ယင်းနောက် စေတနာရှင်၊ အလှူရှင်များက ကျောင်းဆောင်သစ်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးတင်သိန်း မိသားစုက ငွေကျပ် သုံးသိန်း၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီက ငွေကျပ် နှစ်သိန်း၊ ဦးမောင်မောင်ဦး (စူပါကော်ဖီမစ်နှင့် ရွှေရောနဒီမုန့်လုပ်ငန်း) က ငွေကျပ် ၁၃၅၀၀၀ နှင့် ဦးသိန်းထွန်း - ဒေါ်စန်းအေး (ယူနီကာလာ ဗလာစာအုပ်စက်ရုံ)မှ ငွေကျပ် ၁၃၅၀၀၀ တန်ဖိုးရှိ ဗလာစာအုပ်ဒါဇင် ၃၀၀ တို့ အပါအဝင် အလှူရှင်များက အလှူငွေ စုစုပေါင်း ၂၂ သိန်း ခုနစ်သောင်း ငါးထောင်ကျပ်ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက လက်ခံယူကြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြင်မောင်က ကျောင်းဆောင်သစ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းခြင်းအတွက် ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားသည်။

ယနေ့ ဖွင့်လှစ်ခဲ့သည့် ဒ ဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၂၉) အခြေခံပညာမူလတန်းကျောင်းသည် အလျား ၃၅၂ ပေ၊ အနံ ၂၄ ပေရှိ လေးခန်းတွဲ သုံးထပ်တစ်ဆောင်နှင့် သုံးခန်းတွဲ နှစ်ထပ်နှစ်ဆောင် ပါရှိပြီး ငွေကျပ် ၁၅၄၇ ဒသမ ၄၅ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ် (၁) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်သည် အလျားပေ ၂၀၀၊ အနံပေ ၃၀ ရှိ ရှစ်ခန်းတွဲသုံးထပ်အဆောက်အအုံ ဖြစ်ပြီး Language Lab တစ်ခန်း အပါအဝင် ငွေကျပ် ၁၅၄၇ ဒသမ ၇၀၂ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် (၃၀) အခြေခံပညာမူလတန်းကျောင်း၏ တိုးချဲ့ကျောင်းဆောင်သစ်သည် အလျား ၂၆၄ ပေ၊ အနံပေ ၃၀ ရှိ ခြောက်ခန်းတွဲ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ငွေကျပ် ၇၇၃ ဒသမ ၈၉ သိန်းအကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ ပညာရေးရည်မှန်းချက် အောင်မြင်စေရန် ရည်ရွယ်၍ ဇူလိုင်လနှင့် ဩဂုတ်လ အတွင်း ရန်ကုန်တိုင်းအတွင်း၌ အခြေခံပညာကျောင်း ကိုးကျောင်း တို့တွင် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ခဲ့ရာ ကျောင်းဆောင်သစ်များ၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် သိန်းပေါင်း ၉၆၉၉ ဒသမ ၄၀၁၄ သိန်းဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (ရန်ကုန်တိုင်း)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၂၅၁၅၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၈-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀ ၆။ အရေးပြိုင်ပွဲ
၈း၂၀ ၇။ စလင်းရေလှောင်တမံ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Say it in English
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား" (အပိုင်း-၂၉)**
၁၂း၂၀ ၅။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပြင်ဆင်ကြိုးစား စစ်တုရင်အားကစား
၁၂း၂၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"လက်ဝဲရစ်နာရီ" (မင်းမော်ကွန်း၊မြတ်ကေသီအောင်၊ဆုပန်ထွာ) (ဒါရိုက်တာ-အောင်ဆွေ၊မြန်မာ)**
၂း၂၀ ၇။ အတီးပြိုင်ပွဲ
၂း၃၅ ၈။ လဂွမ်းပြင်ရေလှောင်တမံ
၂း၄၅ ၉။ International News.
၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၀ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၄း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၅း၁၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅း၂၀ ၇။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ဓမ္မပူဇာတေး) (ပညာရှင်အဆင့်)(အမျိုးသား)**
၅း၃၀ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
၅း၃၅ ၉။ တေးဂီတအစီအစဉ်
၅း၄၅ ၁၀။ ဆိုကြမယ်၊ပျော်ကြမယ်
၆း၃၀ ၁၁။ ညနေခင်းသတင်း
၇း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇း၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ" (အပိုင်း-၄၈)**
၇း၃၅ ၁၄။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၇း၄၅ ၁၅။ တေးဂီတအစီအစဉ်
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၆၇)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကျန်းမာရေးအဆင့်မြှင့်တင်ခြင်းဆိုင်ရာ ကမ္ဘာ့ညီလာခံတက်ရောက်

ရန်ကုန် ဩဂုတ် ၁၃

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဩဂုတ် ၁၀ရက်မှ ၁၁ရက်ထိကျင်းပသော ကျန်းမာရေးအဆင့်မြှင့်တင်ခြင်းဆိုင်ရာ (၆)ကြိမ်မြောက် ကမ္ဘာ့ညီလာခံ (Sixth Global Conference on Health Promotion) **သို့ တက်ရောက်ခဲ့သည်။**

တက်ရောက်ဆွေးနွေး

ဒုတိယဝန်ကြီးသည် ဩဂုတ် ၁၀ရက် နံနက်ပိုင်းတွင် ဗန်ကောက်မြို့ United Nations Conference Centre ၌ ကျင်းပသော ညီလာခံဖွင့်ပွဲသို့ တက်ရောက်ခဲ့ပြီး ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ခန်းမ(A)၌ ကျင်းပသည့် ကျန်းမာရေး အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ဝန်ကြီးအဆင့် ဆွေးနွေးပွဲ (Ministerial Consultative Meeting on Health Promotion : Political Leadership for Action) သို့ တက်ရောက် ဆွေးနွေးသည်။

ဒုတိယဝန်ကြီးသည် ဩဂုတ် ၁၁ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသော ကြက်ငှက် တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ကမ္ဘာ့တုပ်ကွေးကပ်ရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် ဆွေးနွေးပွဲ "Regional Collaborative on Public Health Response to Avian Influenza and Influenza Pandemic Preparedness" သို့ တက်ရောက်၍ မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေး ကော်မတီ၏ ဦးဆောင်မှုဖြင့် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ကမ္ဘာ့တုပ်ကွေးကပ်ရောဂါ တားဆီးကာကွယ်ရေးအတွက် စီမံချက်ချ၍ ဆောင်ရွက်နေမှုများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်ကာ ကာကွယ်ကုသရေးအတွက် လိုအပ်မည့်ဆေးဝါးများကြိုတင် စုဆောင်း သိုလှောင်ရေး၊ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီဖလှယ်ရေးနှင့် နည်းပညာရပ်နှင့် ငွေကြေးကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ထိုနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang နှင့် တွေ့ဆုံကာ မြန်မာနိုင်ငံတွင် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်ဖွင့်လှစ်ရေးကိစ္စရပ်များနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

ညီလာခံပိတ်ပွဲ

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ညီလာခံ၏ ဆုံးဖြတ်ချက်များ "The Bangkok Charter for Health Promotion in a Globalizes World" အတည်ပြုဖတ်ကြားပွဲနှင့် ညီလာခံပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

အာဆီယံ အသက် (၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်အသင်း အကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဩဂုတ် ၁၃

၂၀၀၅ခုနှစ် အာဆီယံ အသက်(၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲ (AFF U-20 Youth Championship 2005) ကို ယနေ့ ဒေသစံတော်ချိန် ညနေ ၆နာရီ ၄၅မိနစ်တွင် အင်ဒိုနီးရှားနိုင်ငံ Palembang ၌ ဆက်လက်ကျင်းပသည်။

အုပ်စုနောက်ဆုံးပွဲ

(က)အုပ်စုမှ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနှင့် အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံ လူငယ် လက်ရွေးစင်ဘောလုံးအသင်းတို့ အုပ်စု နောက်ဆုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်အင်ဒိုနီးရှားအသင်းက လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

(က)အုပ်စုပြိုင်ပွဲ ပြီးစီးသွားရာ မြန်မာလူငယ်အသင်းက ပထမရပြီး မလေးရှားလူငယ်အသင်းက ဒုတိယရကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။ (သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။

၄။ မြန်မာတို့၏အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

မင်္ဂလာဗျူဟာအသင်းချုပ် သွေးလှူဒါန်းပွဲ

ရန်ကုန် ဩဂုတ် ၁၃

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် (၇၈)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဩဂုတ် ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ သွေးလှူရှင်များသည် မင်္ဂလာဗျူဟာအသင်းချုပ်သို့ ဩဂုတ် ၂၀ရက် (စနေနေ့) နံနက်တွင် လာရောက်၍ ကြိုတင်စာရင်းပေးကာ သွေးလှူရှင်နံပါတ်များ ရယူကြရမည်ဖြစ်သည်။ သွေးလှူရှင်များအတွက် အာဟာရကုသိုလ် အမှတ်တရပေးရန် အလှူငွေ များနှင့်ပစ္စည်းများကို ပေးလှူနိုင်ကြောင်း သိရသည်။ (၂၃)

စစ်တောင်းမြစ်ရေ မဒေါက်တွင်အနည်းငယ်တက်

ရန်ကုန် ဩဂုတ် ၁၃

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် ၀၆း၃၀ နာရီအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၅၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ်တက်နေပြီး ယနေ့မွန်းတည့်မှနောက် ၇၂နာရီအတွင်း စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနားကို အထက (၃)၊ နဝရတ်ခန်းမတွင် ဩဂုတ် ၆ ရက်က ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်စန်းက ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ဗဟုသုတ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုများပေးအပ်စဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄–၈–၂၀၀၅ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	Sunday Talk
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၅	အသည်းရောင်အသားဝါ (ဘီ)ရောဂါအကြောင်း ဟောပြောချက် အပိုင်း(၁)
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	ဗွီစီဒီလိုင်းခတ်သံ (နှုတ်မဆက်နဲ့ ငိုချင်တယ်)
၈း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	တေးဂီတအစီအစဉ်
၉း၀၀	လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက်သိမှတ်စရာအဖြာဖြာ
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက်အလေးမပြိုင်ပွဲ (အမျိုးသမီး အသက်၂၀–အောက်)
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	မိုးလေဝသခန့်မှန်းချက်
၉း၅၀	ရောင်းမယ်၊ ဝယ်မယ် (မေသဥ္ဇာဦး၊ ခင်လေးနွယ်)
၁၀း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၁၀း၄၀	သံပုံထောင်းခြင်းဆိုင်ရာ နည်းပညာ
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	လိုက်နာကြပါ
၁၁း၀၀	MRTV-4 အပိတ် Logo

(အထက်ပါ ၄နာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ ၄ ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။)

English Premier League
ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၆း၃၀	ပွဲကြိုသုံးသပ်ချက်(၁)	5-Cartoons (Live)
၇း၀၀	Arsenal-Newcastle	5-Cartoons (Live)
၉း၀၀	ပွဲကြိုသုံးသပ်ချက်(၂)	5-Cartoons (Live)
၉း၃၀	Wigan-Chelsea	5-Cartoons (Live)
၁၁း၃၀	Final Score	5-Cartoons (Live)

ပရီမီယာလိဂ် ဘောလုံးပွဲစဉ်များ ပြန်လည်စတင် ပွဲဦးထွက် မန်ချက်စတာယူနိုက်တက် အနိုင်ရ

လန်ဒန် ဩဂုတ် ၁၃

ပရီမီယာလိဂ်ဘောလုံးပွဲစဉ်များကို ဂေါဒီဆန်ပတ်ကွင်းတွင် ပြန်လည်စတင်ရာ ပွဲဦးထွက်တွင် မန်ချက်စတာယူနိုက်တက်အသင်းသည် ယှဉ်ပြိုင်ဘက် အဲဗာတန်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပထမပိုင်း

ဖွေဆော်ဦးဂိုးကို မန်ချက်စတာအသင်းသည် ပထမပိုင်းပွဲကစားချိန်တွင် ရုဒ်ဗန်နစ္စတယ်လ်ရွိုင်းက သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို ဝိန်းရူနီက ဒုတိယပိုင်းတွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မန်ချက်ရှေ့တန်း ရုဒ်ဗန်နစ္စတယ်လ်ရွိုင်းက ပထမပိုင်းပွဲပြီးခါနီး နှစ်မိနစ်အလိုတွင် သွင်းယူလိုက်ရာ တစ်ဖက်ဂိုးသမား မကာကွယ်နိုင်ဘဲ ပထမဂိုးပေးလိုက်ရသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းပွဲကစားချိန်တွင် အဲဗာတန်အသင်းမှ နောက်တန်းလူ ဘောလုံးအပေးမှားရာမှ ပိုင်နယ်တီစည်းအတွင်း အသင့်ရောက်နေသော မန်ချက်ရှေ့တန်းမှ ဝိန်းရူနီ၏ ခြေထောက်ထဲသို့ အလိုက်သင့်ရောက်သွားပြီး အနီးကပ်ကန်သွင်းလိုက်ရာ မန်ချက်အသင်း ဒုတိယဂိုးရရှိသွားသည်။ ယနေ့ပွဲတွင် မန်ချက်အသင်းကို ပေးလိုက်ရသော နှစ်ဂိုးကို အဲဗာတန်က ပြန်လည်ချေပရန် ကြိုးစားသော်လည်း ပွဲပြီးသည်အထိ ချေပဂိုးမရရှိနိုင်ခဲ့သည့်အတွက် မန်ချက်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးသွားရသည်။

မန်ချက်အသင်းမှ ဝိန်းရူနီ ဒုတိယဂိုးသွင်းပြီး ပျော်မြူးနေစဉ်။
(ဓာတ်ပုံ–အင်တာနက်)

(အင်တာနက်)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အမှာစကား ပြောကြား

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ၂၀၀၅ခုနှစ် ဆဋ္ဌမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(အား/ကာ)

ဆဋ္ဌမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း လူသစ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

၂၀၀၅ခုနှစ် ဆဋ္ဌမအကြိမ် အားကစားဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း လူသစ်တန်း ဘောလုံးပြိုင်ပွဲဝင် အသင်းများအား ကြိုဆိုမိတ်ဆက် ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ အားကစားဝန်ကြီးဌာနနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များနှင့် ပြိုင်ပွဲဝင် ပြည်နယ်/တိုင်း အသင်း ၁၆သင်းမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်း ၁၆သင်းသို့ ငွေကျပ် ၉၆၀၀၀၀၀တန်ဖိုးရှိ လေ့ကျင့်ရေး ဘောလုံးများအား ထောက်ပံ့ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး အတွက် အလှူရှင်၁၀ဦးတို့က အလှူငွေကျပ် ၁၅၃၀၀၀၀နှင့် ငွေကျပ် ၂၇၀၀၀၀ တန်ဖိုးရှိ ဆေးဝါးများ၊ အချိုရည်နှင့် ရေသန့်ဘူးများ ပေးအပ်လှူဒါန်းကြရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး ကြည်သိန်းက လက်ခံယူသည်။

၂၀၀၅ခုနှစ်ဆဋ္ဌမအကြိမ်အားကစား ဝန်ကြီးဌာန ဝန်ကြီးဖလားပြည်နယ်နှင့် တိုင်းလူသစ်တန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ညနေ ၃နာရီတွင် မန္တလေးမြို့ အောင်မြေမန္တလာ အားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ နှင့် အမှုဆောင်များ၊ တာဝန်ရှိသူများ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ အဖွဲ့၊ အားကစားသရုပ်ပြ အဖွဲ့များ နှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာ အဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြပြီး ဝန်ကြီးက ဖွင့်ပွဲ အခမ်းအနားတွင် ပါဝင်ကူညီခဲ့ကြသော အလံကိုင်အဖွဲ့၊ ဘင်ခရာတပ်ဖွဲ့နှင့် အားကစားသရုပ်ပြအဖွဲ့များသို့ ချီးမြှင့်ငွေကျပ် လေးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြိုင်ပွဲဝင်အသင်း ၁၆ သင်းအတွက် ထောက်ပံ့ငွေကျပ် ၁၆ သိန်းကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ပထမနေ့ပွဲစဉ်အဖြစ် (က)အုပ်စု၊ မန္တလေးဇုန်မှ ရန်ကုန်တိုင်းအသင်းနှင့် မန္တလေးတိုင်း အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းအသင်းက ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲကို ဩဂုတ် ၂၀ ရက်အထိ မန္တလေး၊ ကျောက်ဆည်၊ မိတ္ထီလာနှင့် ပြင်ဦးလွင်မြို့များ၌ ပထမအဆင့် အုပ်စုပွဲစဉ်များကိုလည်းကောင်း၊ ဩဂုတ် ၂၂ရက်နှင့် ၂၃ရက်တို့တွင်ကျောက်ဆည်မြို့နှင့် မန္တလေးမြို့တို့၌ ဒုတိယအဆင့် ရှုံးထွက် ပွဲစဉ်များကိုလည်းကောင်း၊ ဩဂုတ် ၂၅ရက်နှင့် ၂၆ရက်တို့တွင် အကြိုဗိုလ်လုပွဲစဉ်များနှင့် ဩဂုတ် ၂၈ ရက်တွင် ဗိုလ်လုပွဲစဉ်ကို မန္တလေးမြို့၌လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာလိဂ်အဆင့်မြင့်တန်းကွင်းဖွင့်ဖလားပွဲ ဆောက်လုပ်ရေးက ပို့ဆောင်ရေးကိုအနိုင်ရ

ရန်ကုန် ဩဂုတ် ၁၃

၂၀၀၅–၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက လူငယ်အားကစားလေ့ကျင့်ရေး စခန်း(သုဝဏ္ဏ) ဘောလုံးကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပရာ ဆောက်လုပ်ရေးအသင်းက ပို့ဆောင်ရေးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ သစ်တောက တပ်မတော်(ကြည်း)ကို နှစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်းအနိုင်ရရှိသွားသည်။

ဆောက်လုပ်ရေးအသင်း နှစ်ဂိုး။
(ခွန်ဇေယျာထွန်းနှင့်ဆန်းဒေးသိန်း)
ပို့ဆောင်ရေးအသင်း တစ်ဂိုး။
(မြတ်မင်းဦး)
ဒိုင်လူကြီး ဦးဝင်းဦး

ပထမပွဲတွင် နှစ်သင်းစလုံး ရှုံးထားသဖြင့် ယနေ့ပွဲအနိုင်ရရှိရေးအတွက် ကြိုးစားကစားခဲ့ကြသည်။ လူငယ်အများစု အခြေခံဖွဲ့စည်းထားသော အသင်းများဖြစ်၍ ကစားအားရှိသဖြင့် အားကုန်ထုတ်ကစားကြရာ အကြိတ်အနယ်ရှိခဲ့ပြီး ဆောက်လုပ်ရေးအသင်းက ပွတ်ကာသီကာကပ်၍ အနိုင်ရရှိသွားသည်။

ပထမပိုင်းတွင် နှစ်သင်းစလုံးအပြန်အလှန် ထိုးဖောက်ကစားနိုင်ကြသော်လည်း ဂိုးရရှိရေးဖန်တီးပေးရာ၌ လွဲချော်နေ၍ အဖွင့်ဂိုးမရဖြစ်နေပြီး ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။

ဆောက်လုပ်ရေးအသင်းက တိုက်စစ်အားမြှင့်တင်လာပြီး ဒုတိယပိုင်း ၁၉ မိနစ်တွင် ခွန်ဇေယျာထွန်းက ပထမဂိုးနှင့် တစ်မိနစ်အကြာမှာပင် ဆန်းဒေးသိန်းက ဒုတိယဂိုးတို့ကို ဆက်တိုက်သွင်းယူခဲ့၍ ဆောက်လုပ်ရေး နှစ်ဂိုးရရှိခဲ့သည်။

ပို့ဆောင်ရေးအသင်းချေပဂိုးသွင်းရန် တိုက်စစ်အားပြန်တင်လာသည်။ ၂၃ မိနစ်တွင် မြတ်မင်းဦးက ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူခဲ့၍ ပွဲအပြီး၌ ဆောက်လုပ်ရေးက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲအပြီးတွင် ဆောက်လုပ်ရေးအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိထားပြီး တံခွန်အသင်းနှင့် ကစားရန်ကျန်နေသည်။ ပို့ဆောင်ရေးအသင်းမှာ နှစ်ပွဲကစား၊ နှစ်ပွဲရှုံးထားပြီး လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်နှင့် ကစားရန်ကျန်နေသည်။

ယနေ့ပွဲမရှိ

၁၅–၈–၂၀၀၅
(သုဝဏ္ဏကွင်း)
ဘဏ္ဍာ/အခွန်နှင့်တံခွန်
(အောင်ဆန်းကွင်း)
စွန်ရဲနှင့်စီးပွား/ကူးသန်း

(ကြေးမုံ)

အင်အား အားကစားဂျာနယ် ဦးဆောင်နာယက ဦးကျော်ငြိမ်းက ကမ္ဘာ့ဖလား လူငယ်ဘောလုံးပြိုင်ပွဲ ခန့်မှန်းပြိုင်ပွဲ၌ ဆုရရှိသူ ဦးအောင်မင်းအား ဆုငွေချီးမြှင့်စဉ်။(ကြေးမုံ)

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မလေးရှားနိုင်ငံရှိ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖွံ့ဖြိုးရေးရုံးခွဲတို့ ပူးပေါင်းဖွင့်လှစ်သော ဖူဆယ် (Futsal) ဘောလုံးနည်းပြနှင့် ဒိုင်လူကြီး သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။ (ကြေးမုံ)

ဖူဆယ်ဘောလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ယနေ့ ညနေ ၃နာရီတွင် အမျိုးသားဘောလုံး လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပသည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မလေးရှားနိုင်ငံရှိ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖွံ့ဖြိုးရေးရုံးခွဲတို့ ပူးပေါင်းဖွင့်လှစ်သော ဖူဆယ်ဘောလုံး နည်းပြနှင့်ဒိုင်လူကြီးသင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ သင်တန်းနည်းပြများဖြစ်ကြသည့် မလေးရှားနိုင်ငံမှ Mr. Jeysing Mutithan နှင့် Mr. Saminathen Marimuthy နှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကားပြောကြားပြီး နည်းပြ Mr. Jeysing Mutithan က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မြို့တော်ဝန်က သင်တန်းသား ကိုယ်စားလှယ်များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က သင်တန်းနည်းပြများအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

(သတင်းစဉ်)

ကမ္ဘာ့ဖလားလူငယ်ဘောလုံးပြိုင်ပွဲ ခန့်မှန်းပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

အင်အား အားကစားဂျာနယ်၏ ကမ္ဘာ့ဖလားလူငယ် ဘောလုံးပြိုင်ပွဲ ခန့်မှန်းပြိုင်ပွဲအတွက် ဆုချီးမြှင့်ပွဲနှင့် မြန်မာ့ဘောလုံးလောက၌ ဦးဆောင် ဦးရွက်ပြုခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂါရဝပြုပွဲကို ယနေ့နံနက် ၁၁နာရီခွဲက M 3 စားသောက်ဆိုင်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ အင်အား အားကစားဂျာနယ် ဦးဆောင်နာယက ဦးကျော်ငြိမ်းက ခန့်မှန်းပြိုင်ပွဲ ကျင်းပရခြင်း၊ မြန်မာဘောလုံး တိုးတက်အောင် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နေခြင်းနှင့် ရွှေခေတ်ဘောလုံးသမား ဟောင်းကြီးများအား ဂါရဝပြုခြင်းတို့နှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။ ယင်းနောက် အင်အား အားကစားဂျာနယ် အယ်ဒီတာချုပ် ဦးကြည်ညွန့်က ဆုရွေးချယ်ခြင်းနှင့် ဂါရဝပြုရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာ့ဘောလုံး တိုးတက်ရေးဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဦးဆောင်နာယက ဦးကျော်ငြိမ်းက ခန့်မှန်းပြိုင်ပွဲ ဆုရရှိသူ ဦးအောင်မင်းအား ကျပ်သုံးသိန်းချီးမြှင့်သည်။ ဆက်လက်၍ မြန်မာ့ဘောလုံး တိုးတက်အောင်မြင်ရာတွင် ဦးဆောင် ဦးရွက်ပြုခဲ့သူ ပုဂ္ဂိုလ်ကြီး ၁၁ဦးအား ဂါရဝပြု ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

မွေးနေ့ဝိဇာတအလှူတော်မင်္ဂလာနှင့် သိက္ခာထပ်မင်္ဂလာကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၃

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ဝေပုလ္လာရာမ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ပဲခူးတိုင်း(အနောက်ပိုင်း) သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လ၏ သက်တော်(၆၁) နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာနှင့် (၇၇)ကြိမ်မြောက် သိက္ခာထပ် မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၉ ရက် (ဝါခေါင်လပြည့်) နံနက် ၅ နာရီခွဲတွင် ပင့်သံဃာတော် ၁၀၈ ပါး တို့အား အရုဏ်မုန့်ဆွမ်းဖြင့် လည်းကောင်း၊ နံနက် ၆ နာရီတွင် သက်တော်ရှည် ဆရာတော်ကြီး ငါးပါးတို့အား သီးသန့်လှူဖွယ် ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ကန်တော့၍ လည်းကောင်း၊ နံနက် ၇ နာရီခွဲတွင် သိမ်ဝင်ခြင်းနှင့် နံနက် ၈နာရီတွင် သိမ်ထွက်ခြင်းမင်္ဂလာတို့ကိုလည်းကောင်း ပြုလုပ်မည်ဖြစ်သည်။

ဆရာတော်၏ (၆၁)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာပွဲနှင့် (၇၇)ကြိမ်မြောက် သိက္ခာထပ် အလှူတော်မင်္ဂလာပွဲတို့ကို အလှူရှင် ဒုတိယဗိုလ်မှူးကြီးရန်အောင်နှင့်ဇနီး ဒေါ်ဖြူဝင်းမော် မိသားစုတို့က လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ရာ အဆိုပါ မင်္ဂလာအခမ်းအနားကို နံနက် ၈နာရီခွဲတွင် စိန္တာမယသိဒ္ဓိဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

စက်မှုလယ်ယာ ဦးစီးဌာနမှ ထုတ်လုပ်သော လယ်ယာ (၁၆) (မြန်နှုန်းမြင့်) လက်တွန်းထွန်စက် လက်တွေ့သရုပ်ပြပွဲကို ဩဂုတ် ၁ ရက်က သာစည်မြို့ ဘိုကုန်းကျေးရွာ အုပ်စု တောင်သူကြီး ဦးစိုးမြင့်၏ လယ်ယာမြေတွင် ကျင်းပရာ ခေတ္တခရိုင် ဥက္ကဋ္ဌ ဗိုလ်မှူးမြင့်သိန်း၊ ခရိုင် စက်မှုလယ်ယာ ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းအောင်လင်း၊ မြို့နယ် စက်မှုလယ်ယာဦးစီးမှူး ဦးလှမိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလှ၊ မြို့နယ် စိုက်တိုးမြင့် အဖွဲ့ဝင်များ၊ တောင်သူများ လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုကြစဉ်။ (၄၂၅)

ပုသိမ်မြို့ မဟာဗန္ဓုလလမ်းနေ ဦးထွန်းအေး-ဒေါ်ကေသွယ်ဝင်း မိသားစုက သမီး မနန္ဒာထွန်း၏ မွေးနေ့အလှူအဖြစ် ဇူလိုင် ၃၁ရက်က ရွှေမုဋ္ဌောဘုရား အရှေ့ဘက်မုခ် ဒေါ်လှယဉ်ဓမ္မာရုံတွင် ဖွင့်လှစ်ထားသော မြို့မဆွမ်းလောင်းအသင်းတွင် မြို့ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာတော်အပါး ၂၄၀၀၊ ကုလဝိသေသီ စာသင်တိုက်ရှိ သီလရှင်အပါး ၁၀၀ တို့အား အရဏ်ဆွမ်းလောင်းလှူကြစဉ်။ (က-ပ)

သက်တော်ရှည်ဆရာတော်ကြီး ရာပြည့်ပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

ပြည်တွင်း ပြည်ပသာသနာပြု သက်တော်ရှည် ရာဇဩြုိဟ် ဆရာတော်ကြီးအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇယန္တ၏ သက်တော် (၁၀၀)ပြည့် သိက္ခာတော် (၈၀)ပြည့် ရာပြည့်ပူဇော်ပွဲကို ဩဂုတ် ၇ရက် နံနက် ၉နာရီတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၆၁) ရပ်ကွက် ရတနာလမ်းမကြီးရှိ ရာဇဩြုိဟ်ကျောင်း၊ ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း နေလကမ္ဘာသာသနာ့ဗိမာန်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေး ဝိဇိတာရုံ ဆရာတော်ကြီးနှင့် အဖွဲ့ဝင်ဆရာတော်များ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ကလေးဝ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တဇာဂရာဘိဝံသနှင့် ပင့်သံဃာတော်အပါး ၁၀၀ တို့ ကြွရောက်တော်မူကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် အလှူရှင်များတက်ရောက် ပူဇော်ကြည်ညိုကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မြသီရိဆေးတိုက်ပိုင်ရှင် ဒေါ်မြရင်နှင့်မိသားစုက ဆရာတော်မွေးနေ့ ပူဇော်ပွဲအတွက် မတည်အလှူငွေ ကျပ်ကိုးသိန်းကို ဆက်ကပ်လှူဒါန်းသည်။(သတင်းစဉ်)

✧ **မြန်မာနိုင်ငံမှ**

ယင်းနောက် မြွေတောင်နီကယ်သတ္တုစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်း သဘောတူစာချုပ်ကို အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းထွန်းနှင့် Kingbao Mining Ltd.၏ ဥက္ကဋ္ဌ Mr. Yang Xiaoqing တို့က လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကိုလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ကို လည်းကောင်း အသီးသီးပေးအပ်ရာ Kingbao Mining Ltd. ဥက္ကဋ္ဌ Mr. Yang Xiaoqing က လက်ခံရယူပြီး စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံအတွင်း နီကယ်သတ္တုသိုက်ကြီးနှစ်ခုကို ယခင်ကတည်းက ရှာဖွေတွေ့ရှိထားရာတစ်ခုမှာ မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ်အတွင်းရှိ တကောင်းတောင် နီကယ်သိုက်ဖြစ်ပြီး ယင်းသတ္တုသိုက် စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Non- Ferrous Metal Mining and Construction (Group) Co., Ltd. နှင့် အမှတ် (၃) သတ္တုတွင်းလုပ်ငန်းတို့က ယမန်နှစ်တွင် စာချုပ် ချုပ်ဆိုပြီး ဆောင်ရွက်လျက်ရှိသည်။

ယခု မြွေတောင်နီကယ် သတ္တုစမ်းသပ် တိုင်းတာမှုလုပ်ငန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kingbao Mining Ltd. ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သွားရန်ဖြစ်ပြီး လေ့လာမှုအရ ဖြစ်မြောက်နိုင်စွမ်းရှိလျှင် နီကယ်သတ္တုထုတ်လုပ်မှု လုပ်ငန်းကို ဆက်လက်၍ ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်သည်။

(သတင်းစဉ်)

မတ္တရာမြို့နယ် ညောင်အုပ်ကျေးရွာ၌ ကျောင်းဆောင်သစ်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ညောင်အုပ်ကျေးရွာ အမှတ် (၁၂၀) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၅ ရက်တွင် အဆိုပါကျောင်း၌ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ မိုးကုတ်မြို့ သတိပဋ္ဌာန်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုနန္ဒ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးညွှန့်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဆွေတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် ပေ ၁၁၀ x ၃၀ ရှိပြီး နိုင်ငံတော်၏ ပံ့ပိုးငွေကျပ် ၆၂ သိန်း၊ ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၃၄သိန်း၊ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တသုနန္ဒနှင့် ဦးဝင်းမြင့်၊ ဒေါ်သိန်းသိန်းဝင်းတို့၏ ထည့်ဝင်ငွေကျပ် ၂၉သိန်းခုနစ်သောင်း စုစုပေါင်း ၁၂၅သိန်း ခုနစ်သောင်းကုန်ကျခဲ့သည်။

(သတင်းစဉ်)

သားငါးဖွံ့ဖြိုးရေး ငါးမျိုးစိုက်ထည့်

ချောင်းဆုံ ဩဂုတ် ၁၃

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ သားငါးဖွံ့ဖြိုးရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၁၁ နာရီတွင် နတ်မော်ကျေးရွာ (စိုက်ပျိုးရေးစခန်း) အနီး စံပြစပါးစိုက်ကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာကြသော တာဝန်ရှိသူများက စပါးခင်းများအတွင်း ငါးခုံးမ၊ ငါးသားပေါက်ကောင်ရေ ၃၀၀၀၀ သားငါးဖွံ့ဖြိုးရေးအတွက် ငါးမျိုးများ စိုက်ထည့်ပေးကြကြောင်းသိရသည်။ (ငါးလုပ်ငန်း)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၈-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော်ဦးဃောသိတတရားတော်** -ဝိပ္ပလ္လာသ (၁၂)ပါး
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** - Law and Legal studies II (ပထမနှစ်-ဥပဒေပညာ)
၄:၅၀	၅။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၈။ နိုင်ငံတကာသတင်း
၆:၂၀	၉။ မိုးလေဝသသတင်း
၆:၂၅	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း- "ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်" (အပိုင်း-၇)**
၈:၀၀	၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။ ပဟေဠိနန်းတော်
	၁၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၇။ **English Premier League ဘောလုံးပွဲ Wigan Athletic Vs Chelsea**
	၁၈။ သင့်အတွက်မနက်ဖြန်
	၁၉။ အပိတ်နှုတ်ဆက်စကား
	၂၀။ ပြီးပါပြီ။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် သံလွင်လမ်း အမှတ် (၈၂)နေ ကွယ်လွန်သူ ဒီးဒုတ်ဦးဘချို အားရည်စူး၍ မိသားစုက သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ကျောင်းအုပ်ဆရာကြီးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၈ ရက်က ကျောင်းအားကစားပြိုင်ပွဲရုံ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော် အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

စာမူများပေးပို့နိုင်

ရန်ကုန် ဩဂုတ် ၁၃

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)ကကြီးမှူး၍ မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ရာ မှတ်တမ်းများ၊ ဘာသာရေးဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများကို ဦးခင်မောင်ညွှန့် (တရားရုံးချုပ်ရှေ့နေ) အတွင်းရေးမှူး ဆီမီး ၉၉၀၀အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန် လိပ်မှုတပ်၍ စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား ပေးပို့နိုင်ကြောင်း သိရသည်။ (၆၁)

ပရဟိတ မိဘမဲ့ကလေးများဂေဟာသို့ အလှူငွေပေးအပ်

ပျော်ဘွယ် ဩဂုတ် ၈

ပျော်ဘွယ်မြို့နယ် ရှမ်းပွဲရပ် လူမှုဝန်ထမ်းဝန်ကြီးဌာန၊ သစ်ပန်းကန်ပင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတ မိဘမဲ့ကလေးများ စောင့်ရှောက်ရေးဂေဟာသို့ အလှူငွေများ ပေးအပ်ပွဲကို ဩဂုတ် ၆ ရက် နံနက် ၈ နာရီက ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်၊ အဖွဲ့ဝင် (၁)၊ ရဲမှူးဆန်နီ၊ဂေဟာစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာ၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် အလှူရှင်များ ဖြစ်ကြသည့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးတင်ဦး–ဒေါ်ဟယ်ရီအောင် မိသားစုက အလှူငွေကျပ် သုံးသိန်း၊ ရမည်းသင်းခရိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်စိုး–ဒေါ်အေးအေးသန်း မိသားစုတို့က အလှူငွေကျပ် ငါးသောင်း၊ ပညာရေးဌာနနှင့် ပုဂ္ဂလိက အလှူရှင်များက ဆန်အိတ်များ ပေးအပ်လှူဒါန်းကြသည်။

(၉၈)

ပန်းအလှပင်များ ရွှေ့ပြောင်းစိုက်ပျိုး

ဖားကန့် ဇူလိုင် ၁၀

ဖားကန့်မြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် မြို့သာယာလှပရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၀ ရက်က ဗျူဟာကုန်းအဆင်း ရှိ ပန်းခုံများနှင့် ကုန်းစောင်းနေရာများတွင် ပန်းအလှပင်များ ရွှေ့ပြောင်း စိုက်ပျိုးခြင်း လုပ်ငန်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမင်းဟန်နှင့် ဦးစီးအရာရှိ ဦးနေမျိုးနိုင်တို့ကကြီးကြပ် ဆောင်ရွက်ခဲ့ကြသည်။

(မြို့နယ်စည်ပင်)

လက်ခံရယူ

ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် မဟာသိမ်တော်ကြီးလမ်း ဇေယျဝံသပရိယတ္တိစာသင်တိုက်အတွင်း ရှိ ကရုဏာ လူမှုကူညီရေးအသင်း ဆေးပဒေသာပင်အတွက် အလှူတော်ငွေကျပ် တစ်သိန်းကို ပုသိမ်စက်မှုဇုန်နေ ဦးအောင်မြင့်–ဒေါ်ရူပါ၊ သား မောင်တင်အောင်မြင့် (ရွှေမြင့်မိုရ်သံထည်နှင့် ဂက်စ်မီးဖိုရောင်းဝယ်ရေး)မိသားစုကပေးအပ် လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး ဦးကြီးမြင့် လက်ခံရယူစဉ်။

(က–ပ)

ကျောင်းသုံးစာရေးကိရိယာလှူဒါန်း ကျောင်းတံတားအလှူရှင် ဂုဏ်ပြု

သနပ်ပင် ဩဂုတ် ၅

ပဲခူးတိုင်း သနပ်ပင်မြို့ ဈေးပိုင်း ရပ်ကွက် ကျွန်းသာယာအခြေခံပညာ မူလတန်းကျောင်း ၂၀၀၄–၂၀၀၅ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲ၊ ၂၀၀၅–၂၀၀၆ ခုနှစ်ပညာသင်နှစ် တတိယအကြိမ် ကျောင်းသုံးဗလာစာအုပ်၊ ခဲတံပေးအပ် လှူဒါန်းပွဲနှင့် ကျောင်းတံတားအလှူရှင် များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျွန်းသာယာ အမကတွင် ကျင်းပသည်။

အခမ်းအနားတွင် သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမြင့်ဝေနှင့် သနပ်ပင်မြို့မ စခန်းမှူးဦးလှဝင်းတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက်ကျောင်း အကျိုးဆောင်ဥက္ကဋ္ဌ ဦးကြည်ဝင်းက လှူဒါန်းရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ ရေးဦးစွာ ကျပ်နှစ်သိန်းတစ်သောင်း တန်ဖိုးရှိ တံတားအလှူရှင် ၁၈ ဦးကို ဂုဏ်ပြု မှတ်တမ်းလွှာများ တစ်ဦးချင်းပေးအပ် ပြီး စေတနာအလှူရှင် ပြည်သူများက စုပေါင်း လှူဒါန်းသည့် ကျောင်းသုံး စာရေးကိရိယာ ဗလာစာအုပ် ၁၆၇ ဒါဇင်၊ ခဲတံ ၁၂ဒါဇင်အား ကျောင်း အကျိုးဆောင်ဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် အဖွဲ့က ကျောင်းသား၊ ကျောင်းသူ များအတွက် ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ရီရီချိုက လက်ခံရယူသည်။**(အပေါ်ပုံ) (၁၄၅)**

ဂျီအီးစီနှစ်ပတ်လည်အစည်းအဝေးကျင်းပ အမြှတ်ငွေများခွဲဝေပေး

မြဝတီ ဇူလိုင် ၂၈

ကရင်ပြည်နယ် မြဝတီခရိုင် အစိုးရ ဝန်ထမ်းပေါင်းစုံ သမဝါယမလီမိတက်၏ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင်၂၅ရက်က မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပရာ မြဝတီ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦး တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မြဝတီခရိုင်ဂျီအီးစီဥက္ကဋ္ဌ၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်က ဆောင်ရွက်ပြီး ၂၀၀၄–၂၀၀၅ခုနှစ် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ် အစီရင်ခံစာများ ဖတ်ကြား ရှင်းလင်း အတည်ပြုရယူသည်။

ဆက်လက်၍ အသင်းသား၅၃၂ဦး သို့ခွဲဝေပေးရန်အမြတ်ငွေ ၃၃၀၉၃၆၅ ကျပ်၂၅ ပြားအား ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမြင့်ဦးက အသင်းသားများ ကိုယ်စားအသင်းသားတစ်ဦးသို့ပေးအပ် သည်။**(အပေါ်ပုံ) (ခရိုင်ပြန်/ဆက်)**

ချောင်းကွေ့ကျေးရွာ အလှူရှင်စက်ရေတွင်းဖွင့်ပွဲ

ကျွန်းလှ ဇူလိုင် ၂၇

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ကျိုကုန်း ကျေးရွာအုပ်စု ချောင်းကွေ့ကျေးရွာ စက်ရေတွင်း ဖွင့်ပွဲကို ဇူလိုင် ၁၂ ရက် နံနက်က ကျင်းပရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း၊ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးစမ်းမောင်၊ အတွင်းရေးမှူး ဦးအောင်ဆန်းဦး၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးမြင့်စိန်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲ များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေး အသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက် ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အဖွဲ့ဝင် (၁)ဦးစမ်းမောင်၊ စည်ပင်အမှုဆောင် အရာရှိ ဦးမြင့်စိန်နှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးထွန်းအိတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးသန်းထွန်းက အမှာစကား ပြောကြားသည်။

စက်ရေတွင်းကိုမက်စ်မြန်မာကုမ္ပဏီ လီမိတက်မှ တန်ဖိုးငွေကျပ် ၇၅၀၀၀၀ လှူဒါန်းပြီး တစ်နာရီလျှင် ရေဂါလန် ၁၀၀၀ ထွက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ရဲတပ်ဖွဲ့ဝင်းအတွင်း၌ ဖွင့်လှစ်ခဲ့ပြီးသော အလိမ္မာဉယျာဉ် စာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်မျိုးစုံ ၁၀၀ ကျော်ကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က အဆိုပါ စာကြည့်တိုက် ကြီးကြပ်မှု ကော်မတီနာယက၊မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းဟန်ထံ ဇူလိုင် ၄ ရက်က ပေးအပ်လှူဒါန်းစဉ်။

(၂၄၇)

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

သာယာဝတီ ဇူလိုင် ၂၈

သာယာဝတီမြို့ ရတနာလမ်းနှင့် ဈေးပတ်ဝန်းကျင် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဇူလိုင် ၂၂ ရက် ကသာယာဝတီမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ဝန်ထမ်းများစုပေါင်းဆောင်ရွက် ကြရာ အမှုဆောင်အရာရှိ ဦးဖေအောင် သူနှင့် ဈေးတာဝန်ခံဦးသန်းထိုက်တို့က ကြီးကြပ်ဆောင်ရွက်ကြသည်။

(မြို့နယ်/စည်ပင်)

မြို့နယ် သတင်းများ

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

ကော့သောင်း ဇူလိုင် ၂၀

ကော့သောင်းမြို့နယ် ၁၀ မိုင် ကျေးရွာအုပ်စု ကိုးမိုင်ကျေးရွာ ကိုယ့် အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဇူလိုင် ၉ ရက်က အဆိုပါ စာကြည့် တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ခရိုင် ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးမြင့်အေးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နှောင်းနှင့် မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်ကေသီရှိန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသန်းစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးမြင့် အေးက စာအုပ်များပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းစိုးက လက်ခံ ရယူသည်။ အလားတူချမ်းဖန်းကျေးရွာ အုပ်စု ဘန်နွှားကျေးရွာတို့ တွင်လည်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ခဲ့သည်။ **(မြို့နယ်ပြန်/ဆက်)**

ကလောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၂ ရက်က ကလောမြို့နယ် အောင်ပန်းမြို့ သာမိုင်းခမ်းရွာ မိတ္ထီလာ–တောင်ကြီးသွား ပြည်ထောင်စု ကားလမ်းမကြီးဘေး ဝဲ၊ ယာတွင် စိုက်ပျိုးကြစဉ်။

(မြို့နယ်စာပေစာနယ်ဇင်း)

စုပေါင်းစိုက်ပျိုး

ကျိုက်လတ် ဇူလိုင် ၂၉

ကျိုက်လတ်မြို့နယ် စည်ပင်သာယာ ရေးအဖွဲ့သည် ကျိုက်လတ်မြို့သာယာ လှပရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၉ ရက်က ကျိုက်လတ်မြို့ အဝင်လမ်းဘေး အရိပ်ရပင်၊ ပန်းအလှပင် ၁၅၀၀ ကျော် ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူ များ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

(နယ်စပ်/စည်ပင်)

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးထွန်းသူအောင်၊ ဒုဦးစီးမှူး(ဈေး) ဦးဦးစောထွန်းနှင့် အဖွဲ့ဝန်ထမ်းများ မြို့မဈေး သားငါးတန်းတွင် ဇူလိုင် ၂၃ ရက်က ခြင်ဆေးဖျန်းစက်ဖြင့် ခြင်၊ ယင် နှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ပဌမအကြိမ် အလှူငွေ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ပဌမအကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

တက်ရောက်ကြည့်ညို

အခမ်းအနားသို့ ပြင်သစ်နိုင်ငံ ပါရီမြို့ ဥရောပ ထေရဝါဒဗုဒ္ဓသာသနာပြုအသင်းကြီး၌ သာသနာပြု သီတင်းသုံးလျက်ရှိသည့် ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ၏ ပဓာန နာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ကျွန်းနံ့သာ အရှင်နန္ဒသိရီ (ပြင်သစ်ဆရာတော်) ကြွရောက် ချီးမြှင့်တော်မူပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး ပါရီမြို့ ထေရဝါဒဗုဒ္ဓ သာသနာပြု **စာမျက်နှာ ၂ ကော်လံ ၃ သို့** ❍



သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ပဌမအကြိမ်မြောက် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအတွင်း နီကယ်သတ္တုသိုက်ကြီးနှစ်ခု ရှာဖွေတွေ့ရှိထား

မြေတောင်နီကယ် သတ္တုစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု လုပ်ငန်းဆောင်ရွက်ရန် သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃)သတ္တုတွင်းလုပ်ငန်းသည် ချင်းပြည်နယ် တီးတိန်မြို့နယ်နှင့် စစ်ကိုင်းတိုင်း ကလေးမြို့နယ်အတွင်းရှိ မြေတောင်နီကယ်သတ္တုစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု လုပ်ငန်းဆောင်ရွက်ရန် အမှတ်(၃)သတ္တုတွင်းလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kingbao Mining Ltd. တို့ နှစ်ဖက်သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်ခန်းမ၌ ကျင်းပသည်။

မြေတောင်နီကယ် သတ္တုစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုလုပ်ငန်း သဘောတူစာချုပ်ကို အမှတ်(၃)သတ္တုတွင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းထွန်းနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Kingbao Mining Ltd. ဥက္ကဋ္ဌ Mr. Yang Xiaoqing တို့ လက်မှတ်ရေးထိုးပြီး လဲလှယ်ကြစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun နှင့် သံရုံးအဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kingbao Mining Ltd. ဥက္ကဋ္ဌ Mr. Yang Xiaoqing နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က အမှာစကား ပြောကြားပြီး အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းထွန်းနှင့် Kingbao Mining Ltd.ဥက္ကဋ္ဌ Mr. Yang Xiaoqing တို့က ကျေးဇူးတင်စကားများ အသီးသီး ပြောကြားကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✧

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ ပြီးစီး

ရန်ကုန် ဩဂုတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၉)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ (၂၀၀၅)တွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို (Bargain) စနစ်ဖြင့် ယမန်နေ့ ညနေ ၅နာရီတွင် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဆက်လက်ရောင်းချရာ ည ၇နာရီတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၉)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၅)ကို ဩဂုတ် ၉/၁၀/၁၁ ရက်များတွင် ပြည်တွင်း/ပြည်ပ ရတနာကုန်သည်များအား ကြည့်ရှု လေ့လာခွင့်ပြုခဲ့ပြီး ဩဂုတ် ၁၂ ရက်တွင် ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို (Bargain) စနစ်၊ (Auction) စနစ်တို့ဖြင့် ရောင်းချခဲ့ရာ ယမန်နေ့ ညနေ ၅နာရီတွင် ကျောက်မျက်အတွဲ ၃၀၉ တွဲနှင့် ကျောက်စိမ်းအတွဲ ၄၃ တွဲကို ရောင်းချခဲ့ရသည်။

ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို (Bargain) စနစ်ဖြင့် ယမန်နေ့ ညနေ ၅နာရီတွင် ဆက်လက်ရောင်းချရာ ည ၇နာရီတွင် ကျောက်စိမ်းအတွဲ ၃၆၉ တွဲကို ပြည်တွင်း နိုင်ငံသားရတနာကုန်သည် ၉၃၉ဦး၊ ပြည်ပရတနာကုန်သည် ၁၁၆ဦး စုစုပေါင်းရတနာကုန်သည် ၁၂၅၅ဦးတို့က အပြိုင်အဆိုင် ဝယ်ယူခဲ့ကြသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက်၏ (၁၉)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၅)တွင် ယမန်နေ့ တစ်နေ့တည်းပင် စုစုပေါင်း ကျောက်မျက်အတွဲ ၃၀၉တွဲ နှင့် ကျောက်စိမ်းအတွဲ ၄၁၂တွဲ ရောင်းချခဲ့ရပြီး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် ဩဂုတ် ၁၃

ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၆၀ ခန့်မှ ၂၁ ဒသမ ၅၈ ပေခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်မှ သတိပေး အကြောင်းကြားထားသည်။

(သတင်းစဉ်)

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

နိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်ခိုင်မာမာ တည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးအခြေခံများဖြစ်ထွန်းရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးတို့ကို အလေးထားဆောင်ရွက်နေခြင်းသည် ဒီမိုကရေစီစနစ်အတွက် အခြေခံအုတ်မြစ်များ တည်ဆောက်နေခြင်းပင်ဖြစ်သည်။
ခေါင်းကြီး၊ စာမျက်နှာ(၂)

ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် ၂၀၀၅ခုနှစ်၊ ဩဂုတ်၁၅ရက်မှ ၂၀ရက်အထိ သတ်မှတ်ကာ အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာ ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်မည်ဖြစ်ပါသည်။ *ဒေါက်တာအောင်ထွဏ်း၏ "ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှု အစီအစဉ်များမှသည်..."*
ဆောင်းပါး၊ စာမျက်နှာ(၆)